ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (10-1-2011) (၆၆၄၀)

ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်မှန်စက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဇန်နဝါရီ　　၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စက်မှုနယ်မြေရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ပင်မစက်ရုံအတွင်း စက်ပစ္စည်းနှင့် စက်များတပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးစောအောင်က ရှင်းလင်းပြသပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်ပြီးစီးမှု အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)၌ ကြည့်ရှုစစ်ဆေးစဉ်။(စက်မှု-၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ နိုင်ငံတကာအားကစားသတင်းအညွှန်း

၂၀၁၁ နှစ်ဦး တင်းနစ်ပြိုင်ပွဲများ ရော်ဂျာဖက်ဒဲရားနှင့် ပက်ထရာကေဗီတိုဗာတို့ ပိုလ်စွဲ။

စာမျက်နှာ - ၁၁

ထုတ်ပယ်ခံရသော လီဗာပူးနည်းပြ ဟော့ဒ်ဆန်နေရာကို အစားဝင်ရန် အိုဝင်ကွိုင်လီ ရေပန်းစားနေ။

စာမျက်နှာ - ၁၁

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်တင်လှိုင် (ဟိုတယ်/ခရီး)

ဖွံ့ဖြိုးတိုးတက်လှပသည့် ဟိုင်းကြီးကျွန်းမြို့

ရန်ကုန်မြို့မှ ပုသိမ်သူမော်တော်ယာဉ်ဖြင့်၊ ပုသိမ်မြို့မှ ပုသိမ်သူရှပ်ပြေးရေယာဉ်(၇)ဖြင့် သွားခဲ့ရာ သာယာလှပသော ဟိုင်းကြီးကျွန်းကို ရောက်ခဲ့သည်။ ဟိုင်းကြီးကျွန်းသည် ပင်လယ်ပြင်အဝ အချက်အချာကျသော ဒေသတစ်ခု ဖြစ်ပေသည်။

ဟိုင်းကြီးကျွန်းသည် ဆိပ်ခံတံတားများ အလွန်ကောင်းမွန်ပြီး လမ်းတံတားများကောင်းမွန်လျက်နေရာတိုင်းတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မြို့၏ လှပဖွံ့ဖြိုးမှုများကို သိရှိလိုသဖြင့် ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းထံ သွားရောက်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်။ မြို့နယ်ဥက္ကဋ္ဌက "ဟိုင်းကြီးကျွန်းရှိ ဒေသခံတိုင်းရင်းသားများဟာ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ကြံ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ငရုတ်ကောင်းတို့ကို စိုက်ပျိုးခဲ့ပါတယ်။ နှစ်ရှည်သီးနှံငါးမျိုးကိုလည်း စိုက်ပျိုးပါတယ်။ ရော်ဘာ ၅၈၂ ဧက၊ သီဟိုဠ် ဧက ၆၆၅၀၊ သစ်ဆိမ့် ၅၄၁ ဧက၊ ငရုတ်ကောင်း ၄၇၅ ဧကကိုလည်းကောင်း စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်"ဟု ရှင်းပြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖

Cyclone Shelter အဆောက်အအုံ

ဟိုင်းကြီးကျွန်းတွင် အသစ်တည်ဆောက်ပေးထားသော Cyclone Shelter အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။

ပုသိမ်-မော်တင်စွန်း ကားလမ်း ဖောက်လုပ်ထားသည်ကို ဤသို့ တွေ့ရသည်။

ကြေးမုံ The Mirror

၁၀-၁-၂၀၁၁
(တနင်္လာနေ့)

သုတေသနပြု ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်

ကမ္ဘာတစ်ဝန်း၌ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ ရှိနေသည်။ အသစ် အသစ် ပေါ်ထွက်လာသော ကူးစက်ရောဂါဆန်းများစွာကို တွေ့ရှိနေကြရပြီ။ လူသားများ ကူးစက်ရောဂါဖြစ်ပွားမှုမှ ကာကွယ်တားဆီးရေးအတွက် ဆေးဝါးများ သုတေသနပြု ရှာဖွေထုတ်လုပ်နေကြရပြီ။ ယင်းတို့နှင့် ဆက်စပ်လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြပြီ ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေး အလေးထား၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။ တစ်ဖက်မှလည်း ကျေးလက်ဒေသအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆေးပညာသုတေသနကို အလေးထားဆောင်ရွက်လာခဲ့သည်။ ဆေးသုတေသနလုပ်ငန်းများ အစဉ်တစိုက် ပြုလုပ်လာကြသည်။ သုတေသနတွေ့ရှိချက်များကို စာတမ်းပြုစုကာ သုတေသနညီလာခံများတွင် တင်ပြကြပြီး သုတေသီများ၊ ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆေးသိပ္ပံပညာရပ်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ သုတေသနပြုမှုများသည် လူသားများတွင် ဖြစ်ပွားတတ်သော ရောဂါဘယများ၊ သုံးစွဲရမည့် ဆေးဝါးများ၊ ကြိုတင်ကာကွယ်နည်းများ၊ ထိရောက်သော ကုသနည်းများအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိစေသည်။ သုတေသနပြုမှုကြောင့် အချို့ရောဂါ ခံစားရသူများ အသက်ရှင်နေထိုင်နိုင်ရေးနှင့် လူသားများ လက်တွေ့အကျိုးရှိစေမည့် နည်းစနစ်များကို တွေ့ရှိဖော်ထုတ်လာနိုင်သည်။

သုတေသနလုပ်ငန်းစဉ်တစ်ခု ပြုလုပ်ရာတွင် လုပ်အား၊ အချိန်၊ ငွေကြေးများစွာ အကုန်အကျခံ၍ လုပ်ဆောင်ကြရသည်။ သုတေသနပြု ရလဒ်များကို ဓာတ်ခွဲခန်းအဆင့် သုတေသနပြုလုပ်ခြင်း၊ အရှိန်အဟုန်မြင့် ထုတ်လုပ်ခြင်းနှင့် အမြောက်အမြားထုတ်လုပ်ခြင်း အဆင့်ဆင့် ကြိုးပမ်းကြရသည်။ အသည်းရောင်အသားဝါ 'ဘီ'ပိုး ကာကွယ်ဆေးထုတ်လုပ်ရန် အဆင့်ဆင့် သုတေသနပြုကြိုးစားခဲ့ရာမှ စက်ရုံတည်ဆောက်၍ ကာကွယ်ဆေး ထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်းသည် သာဓကတစ်ခု ဖြစ်သည်။

သို့ဖြစ်ရာ ဆေးပညာရှင် သုတေသီများသည် သုတေသနတင်သွင်းမှုများ အသွင်စုံတင်ပြနိုင်ရေး ဖွဲလုံ့လစိုက်ထုတ်၍ ကြိုးပမ်းကြရပေဦးမည်။ သုတေသနပြု ရှာဖွေတွေ့ရှိချက်များကို တင်ပြဆွေးနွေးရုံသာမက ရလဒ်ကောင်းများအား လက်တွေ့နယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေး မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားကြဦးမည် ဖြစ်ပါသည်။ ။

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ၂၀၁၁ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာစာစောင် အတွဲ(၃၈) အမှတ်(၁)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတေသနစာစောင်တွင် မြန်မာ့ ဆင်ဖြူတော်များ၊ အာဆီယံ ပေါင်းစည်း ဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးပညာ၊ မာသာ့စပျစ်ခြံကျွန်းကလေး၊ ပျားများကို မွေးမြူကြပါ၊ ချွေတာကြမည်လောင်စာဆီ၊ အားလပ်ချိန်မှာပညာရှာ၊ ထိုက်ချီဖြင့် အပူထုတ်ခြင်း၊ ပိုစောစောစားခြင်းဖြင့် ကိုယ်အလေးချိန်ချနည်း၊ ပျက်သုဉ်းမှုအစွန်းပေါ်ရောက်နေသော မျိုးစိတ် ၁၀မျိုး၊ ရင်ဆိုင်ကျော်လွှား ဘဝမုန်တိုင်းများ၊ စစ်သူကြီး ဗွန်းရမ်းစတက်၊ အမှောင်ခွင်း၍ အလင်းဆောင်သူ၊ ရုက္ခလောက၊ ကမ္ဘာကျော်ခဲ့သော ဖြစ်ရပ်များ၊ နိုင်ငံတကာသတင်းမှတ်စု၊ တရုတ်နက္ခတ္တဗေဒင် စသည်တို့အပြင် လစဉ်ပါနေကျ ဘာသာပြန်ကဗျာများ၊ ဟာသ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ နိုင်ငံတကာမြင်ကွင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတ၊ ရသ အကြောင်းအရာမျိုးစုံ ပါရှိသည်။

ဇန်နဝါရီလထုတ် သုတပဒေသာစာစောင်ကို သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကား ဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး(သာယာဝတီ) မှ ခရိုင်ဦးစီးမှူး ဦးချစ်တင် ခြေကျင်လျှောက်သူများ၊ စက်ဘီးစီးသူများ၊ မော်တော်ဆိုင်ကယ်နောက်မှ လိုက်ပါစီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ခရိုင်ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်စောဝင်း၊ ယာဉ်ထိန်းရဲ တပ်ကြပ်ဝင်းလှိုင်တို့နှင့် အတူပူးပေါင်း၍ အသိပညာပေးဟောပြောစဉ်။ (ခရိုင်ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လားရှိုးမြို့ ပညာရေးစုံညီပွဲတော်အခမ်းအနားနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အလှူရှင်များက ကျောင်းများသို့ ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် ပြည်နယ်အဆင့် ဘက်စုံထူးချွန်ဆု ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့ အမှတ်(၁) ရပ်ကွက်၌ ကျင်းပသည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက လမ်းသစ်ဖွင့်ပွဲအခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူတို့နှင့်အတူ လားရှိုးမြို့ အမှတ်(၁) ရပ်ကွက်၌ ကျင်းပသော ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဇော တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများနှင့် ပြည်နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် F-M-I City သစ်ခွလမ်းသွယ် (၂)လမ်းနေ ဦးအောင်သူ (Royal Ace Trading) ကုမ္ပဏီလီမိတက်မှ ထာဝရအထွေထွေ ပဒေသာပင်နှင့် တစ်နေ့လုံးစာအထူးအာဟာရအတွက် ငွေကျပ် ၃၁၅၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပင်လည်ဘူးစည်ပင် ကတ္တရာထပ်ပိုးလွှာခင်း

ပင်လည်ဘူး ဇန်နဝါရီ ၉

ပင်လည်ဘူးမြို့နယ် ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျောက်များ စုဆောင်းနေမှုကို ဒီဇင်ဘာ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဘုတလင်ချစ်လေး၏ "လူကြီးများအတွက် ပုံပြင်များ" စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၉

စာရေးဆရာ၊ ကဗျာဆရာဘုတလင်ချစ်လေး (၁၉၂၃-၁၉၉၄) ခုနှစ်၏ သားများဖြစ်ကြသည့် ဦးရဲဝင်း (ဝင်းဝေနောင်)နှင့် ဦးရဲဝေ(မြန်မာစာ)တို့က ဖခင်ကြီးရေးသားခဲ့သည့် "လူကြီးများအတွက် ပုံပြင်များ" စာအုပ်ကို စံပယ်ပွင့်စာပေမှ ကွယ်လွန်ခြင်း(၁၇)နှစ်ပြည့် အမှတ်တရအဖြစ် ထုတ်ဝေလိုက်သည်။

စာရေးဆရာ၊ ကဗျာဆရာ ဘုတလင်ချစ်လေးသည် ဘုတလင်ချစ်လေး ကလောင် အမည်အပြင် တက္ကသိုလ်အောင်ချစ်ဟူသော ကလောင်အမည်ကွဲဖြင့်လည်း ဆောင်းပါးများရေးသားခဲ့သည်။ မြန်မာစာအမြုတေ၊ စာပုလဲပန်း စာစီစာကုံးများ၊ ခေတ်ရေးအစမ်းစာများ၊ ကဗျာဟူသည်၊ ကချေသည်နှင့် အခြားကဗျာများ၊ မြကြေးမုံကဗျာများ၊ သနပ်ခါးတစ်ကွက် ရွှံ့တစ်စက်ကဗျာများ၊ ဘုတလင်ချစ်လေး၏ ကဗျာစာအုပ်များ ထုတ်ဝေခဲ့သည်။ ကချေသည်နှင့် အခြားကဗျာများ စာအုပ်ဖြင့် ၁၉၆၂ခုနှစ်အတွက် အနုပညာစာပေဆု (ကဗျာပေါင်းချုပ်ဆု)ကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါစာအုပ်တွင် ဘုတလင်ချစ်လေး ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း ချင်းတွင်းဂျာနယ်၌ ရေးသားခဲ့သည့် ပုံပြင် ၃၂ ပုဒ်ပါဝင်သည်။ ပုံပြင် ၃၂ ပုဒ်တွင် ပန်းချီဆရာနှင့် ကာတွန်းဆရာ၁၆ဦးတို့က ပုံပြင်နှင့် လိုက်ဖက်စွာ သရုပ်ဖော်ပုံများရေးဆွဲပေးထားသည်။

လူကြီးများအတွက် ပုံပြင်များ စာအုပ်၏ ထူးခြားချက်မှာ ပုံပြင်တစ်ပုဒ်စီတိုင်းတွင် စာရေးသူက စာရှုသူများကို စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်ရန် အတွေးအမြင်သဘောထားများ ပေးထားသည်။

စာအုပ်မျက်နှာဖုံးဒီဇိုင်းကို ကာတွန်းဖေသစ်တည်က ပုံဖော်ပေးထားပြီး စံပယ်ပွင့်စာပေ အမှတ်(၇၄) စံပယ်ခြံ (၃)လမ်း (၁၁)ရပ်ကွက် လှိုင်မြို့နယ်က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပညာရေးစုံညီပွဲတော် အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ကျောင်းသား၊ ကျောင်းသူလေးများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးသည် ကျောင်းခန်းများအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အမှာစကားပြောကြားကြပြီး ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အဆောက်အအုံ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ကိုကိုက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို လည်းကောင်း၊ အသင်းပြန်ကြားရေးမှူး ဦးမျိုးအောင်က သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၏ အပိုဒ် ၁၀(က)နှင့် (ခ)တို့ကို ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် အတွဲ(၃) အမှတ်(၂) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ရန်ကုန်လူထုရေသောက်သုံးမှုမပြတ်လပ်ရေး အောင်တံခွန်စီမံကိန်းဖြင့် ရေဂါလန် သန်း ၄၀ ထပ်မံဖြည့်ပေးမည်၊ ဖုန်း Screen တွင် ရုပ်ပါမြင်နိုင်သည့် VOIP စနစ်ဖြင့် မြို့ကြီးသုံးမြို့တွင် အသုံးပြုခွင့်ရတော့မည်၊ ကွန်ဒိုအိမ်ရာများဝယ်ယူ စိတ်ကြိုက်အရစ်ကျပေးချေမှုဖြင့် ဆွဲဆောင်နေရ၊ ၂၀၁၀ အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး မီးလောင်မှု ၈၅၆ ကြိမ်ဖြစ်ပွား စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်စူးစမ်း၊ မောင်သိန်းညွန့်(ကော့ကရိတ်)၊ နေဇင်လတ်၊ ပြည်စိုး၊ မော်ကွန်းစိုးမြင့်နှင့် ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ) တို့၏ ဖတ်ရှုမှတ်သားဖွယ်ရာ ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ အတွင်း ယာဉ်တိုက်မှုကြောင့် တစ်ရက်လျှင်ဒဏ်ရာရသူနှစ်ဦးနှင့် သုံးရက်လျှင် လူတစ်ဦးသေဆုံး၊ ကွန်ပျူတာထိန်းချုပ်သည့် အဝေးပြေးယာဉ်လိုင်းသစ် မကြာမီပြေးဆွဲမည်၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံကြောင့် မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံများနှင့် ဆက်ဆံရေးသိသာစွာမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်ကြေညာ၊ အိန္ဒိယ-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖော်ဆောင်နိုင်ရေး၌ မြန်မာနိုင်ငံက အဓိကကဏ္ဍကပါဝင်၊ မြန်မာ၊ နီပေါ၊ ဘူတန်၊ အိန္ဒိယနိုင်ငံများနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်စီစဉ်၊ ပြည်ပဝယ်လိုအားရှိလာနိုင်သည့် ပေါင်းဆန်၊ ချိုးမကပ်သည့်အိုးကြောင့် ကင်ဆာရောဂါဖြစ်ပွားစေနိုင် စသည့်သတင်းများနှင့် အခြားစိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၉

UK ၏ Highly Trusted College တစ်ခုဖြစ်သည့် City of Sunderland College ၏ အသိအမှတ်ပြုကျောင်းခွဲဖြစ်သော Noble Nine College က ယင်းကောလိပ်၏ Diploma in Business (Marketing, Management, Administration) ဘာသာရပ်များကို UK ရှိ တက္ကသိုလ်၊ ကောလိပ်များအားလုံးတွင် တစ်ပြေးညီတည်း သင်ကြားပို့ချသည့် သင်ရိုးညွှန်းတမ်းများဖြင့် စာတွေ့လက်တွေ့ဟန်ချက်ညီစွာ နိုင်ငံတကာ သင်ကြားမှုပုံစံသစ်ဖြစ်သည့် Activity, Task, Assignment တို့ဖြင့် စာမေးပွဲဖြေဆိုရန် လုံးဝမလိုအပ်သည့် သင်ကြားမှုပုံစံဖြင့် စာတွေ့ ခြောက်လနှင့် Workplacement သုံးလ စုစုပေါင်း ကိုးလ တက်ရောက်ပြီး UK ၏ National Qualifications Framework (NQF Level-3) အဆင့်ကို ပြည်တွင်းမှာပင် တက်ရောက်၍ UK College မှ Diploma တိုက်ရိုက်ရရှိမည်ဖြစ်သည်။ Level- 3 အဆင့်သည် နိုင်ငံတကာတွင် Manager, Administrator, Trainer, Secretary စသည့် အလုပ်အကိုင် အခွင့်အလမ်းများရရှိမည်။

သင်တန်းတွင် စီးပွားရေးဆိုင်ရာ အင်္ဂလိပ်ဘာသာစကားအပြင် Investigating Business Resources, Communication and Information, Exploring Creative Product Promotion, Management Accounting, Human Resource Management, Legal Aspects of Administration, Internet Marketing, Internet and e-Business, Investigating Supply Chain Management, Business Ethics, Investigating International Business, Exploring Computer Applications for Financial Management စသည့် Unit (18) ခုဖြင့် သင်ကြားမည်ဖြစ်သည်။

Diploma ရရှိပြီးသူများအနေဖြင့် UK ပညာရေး သင်ကြားပို့ချသော နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များတွင် Degree သင်တန်းများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး ထပ်မံ၍ Australia တက္ကသိုလ်များ (သို့မဟုတ်) University of Sunderland ၏ စီးပွားရေးဆိုင်ရာ မဟာဘွဲ့ (MBA/ MPA)သို့ တက်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းချိန်များကို ရုံးချိန်ပြင်ပတန်းခွဲများအဖြစ် စီစဉ်ထားပြီး သင်ကြားမှုထိရောက်စေရန် တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေကို ၁၀ ဦးသာ ကန့်သတ်ထားကာ ဇန်နဝါရီ ၂၉ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

အမှတ်စဉ်(၅)သင်တန်းကို ၂၀၁၁နှစ်သစ်အတွက် အထူးအစီအစဉ်အနေဖြင့် ၂၀ ရာခိုင်နှုန်းလျှော့ လက်ခံမည်ဖြစ်ပြီး ယင်းသင်တန်းတက်ရောက်ရန် အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်၊ ကောလိပ် တက်ရောက်နေသူများ၊ ဘွဲ့ရများ လျှောက်ထားနိုင်သည်။ အသေးစိတ်သိလိုပါက Noble Nine College အမှတ် (၇) ဝဝက်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၀၁-၃၉၆၉၁၅ နှင့် ၀၁-၇၃၀၀၂၉၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရမည်းသင်းမြို့ သောက်သုံးရေ ကောင်းမွန်စွာရရှိရေးအတွက် အောင်မင်္ဂလာရပ်ကွက်ရှိ ရေပိုက်လိုင်းများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထက(၁) ဗဟိုစံပြခန်းမဆောင်၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ဟိန်းဆန်းအား ဆရာကြီး ဦးစိုးမင်း ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(၀၁)





ဆုချီးမြှင့်

ပုဇွန်တောင်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ စတုတ္ထတန်း မြို့နယ်ဘက်စုံစာမေးပွဲ အခြေခံသိပ္ပံဘာသာ ပထမဆုရ မောင်ကောင်းဆက်သာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှ်နား။

အာဖဂန်ပြည်တွင်းညီညွတ်ရေး အာဖဂန်အစိုးရသာ ဦးဆောင်သင့်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ကဘူး ဇန်နဝါရီ ၉

အာဖဂန်အစိုးရအဖွဲ့နှင့် တာလီဘန်တို့အကြား ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းမှုများကို အာဖဂန်အစိုးရအဖွဲ့ကိုယ်တိုင်သာ လုပ်ဆောင်သင့်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှ်နားက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပြည်ပမှ ကြားဝင်စွက်ဖက်မှုများသည် အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးတိုးတက်မှု အလားအလာများအတွက် အဟန့်အတားဖြစ်စေနိုင်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက သတိပေးပြောကြားသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ မှတ်ချက်သည် တာလီဘန်ထိပ်တန်းခေါင်းဆောင်အချို့ ပုန်းအောင်းနေသည်ဟုယူဆရသော ပါကစ္စတန်နိုင်ငံကို ရည်ညွှန်းပြောဆိုလိုပုံရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တာလီဘန်များကို ဆွေးနွေးပွဲစားပွဲဝိုင်းသို့ခေါ်ဆောင်ရန် မည်ကဲ့သို့ဆက်လက်ကြိုးပမ်းရမည်ကို ဆွေးနွေးရေးအတွက် အာဖဂန်အဆင့်မြင့်ငြိမ်းချမ်းရေးကောင်စီအဖွဲ့ ပါကစ္စတန်သို့ ပြီးခဲ့သည့်ရက်သတ္တပတ်က သွားရောက်ပြီးနောက် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အကြမ်းဖက်မှုကို မလိုလားသော၊ ဒီမိုကရေစီစံနှုန်းများကို လေးစားသော၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်မှုမပြုလိုသော အာဖဂန်ပြည်တွင်းအဖွဲ့အစည်းအမျိုးမျိုးအကြား ပြန်လည်ပေါင်းစည်းရေးအတွက် အာဖဂန်အစိုးရ၏ ကြိုးပမ်းမှုများကို အိန္ဒိယနိုင်ငံက အစဉ်ထောက်ခံကြောင်း အက်စ်အမ်ခရစ်ရှ်နားက အာဖဂန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံပြီးနောက် ပူးတွဲ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် ပြောကြားသည်။

အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို အာဖဂန်အစိုးရက ဦးဆောင်ကာ အားလုံးအကျုံးဝင်ပြီး ထင်သာမြင်သာရှိစေရန် လုပ်ဆောင်သင့်ကြောင်း၊ မည်သည့်ပြည်ပစွက်ဖက်မှုမဆို အာဖဂန်နစ္စတန်၏ အနာဂတ်နှင့် ငြိမ်းချမ်းမှုဖြစ်စဉ်ကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **အေပီ။**

အမေရိကန် ဒီမိုကရက်တစ်ပါတီအမတ်ကို သေနတ်သမားတစ်ဦး အနီးကပ်လုပ်ကြံ လွှတ်တော်အမတ် ဦးခေါင်းဒဏ်ရာရရှိသွားပြီး လူခြောက်ဦးသေဆုံး

တပ်စ်ဆန် ဇန်နဝါရီ ၉

အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ်၌ ဇန်နဝါရီ ၈ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ဒီမိုကရက်တစ်ပါတီဝင် လွှတ်တော်အမတ် ဂါဘရီယယ်လ်ဂီးဖို့ဒ်ဆိုသူ အမျိုးသမီး ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့ပြီး အခြားခြောက်ဦး သေဆုံးခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အသက် (၄၀) အရွယ်ရှိ ဂါဘရီယယ်လ်ဂီးဖို့ဒ်သည် အရီဇိုးနားပြည်နယ် တပ်စ်ဆန်မြို့တွင် ကျင်းပသော လူထုအစည်းအဝေးတစ်ခု၌ အနီးကပ်ပစ်ခတ်ခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

မစ္စဂီးဖို့ဒ်၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာရှိသော်လည်း ဆရာဝန်များကမူ အသက်ရှင်ရန် အခွင့်အရေးရှိကြောင်း ပြောကြားသည်။

တပ်စ်ဆန်မြို့ ဈေးတစ်ခုပြင်ပ၌ပြုလုပ်သော လူထုအစည်းအဝေး၌ သေနတ်သမားက ဂါဘရီယယ်လ်ဂီးဖို့ဒ်အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာတွင် အရီဇိုးနားပြည်နယ် တရားသူကြီးချုပ်အပါအဝင် အခြားငါးဦးသေဆုံးခဲ့ရပြီး ၁၃ ဦး ဒဏ်ရာရခဲ့သည်။ ဒဏ်ရာရရှိသူများထဲတွင် ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်တစ်ဦးလည်း ပါဝင်သည်ဟု ဆိုသည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် မစ္စဂီးဖို့ဒ်၏ နိုင်ငံရေးလက်ထောက်တစ်ဦးလည်း သေဆုံးခဲ့ကြောင်း အေပီသတင်းဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

အမေရိကန်သတင်းမီဒီယာများ၏ အဆိုအရ သေနတ်သမားဟု ယူဆရသူမှာ အရီဇိုးနားပြည်နယ်သား ဂျရက်ဒ်လော့ဂ်နာဆိုသူဖြစ်ပြီး ၎င်းကိုတိုက်ခိုက်မှုဖြစ်စဉ်ပြီးနောက် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဒေသန္တရရဲတပ်ဖွဲ့က သတင်းမီဒီယာများက ဖော်ပြသော သံသယတရားခံ၏အမည်ကို အတည်ပြုခြင်းမရှိသေးပေ။

မစ္စဂီးဖို့ဒ်ကို ပစ်ခတ်တိုက်ခိုက်ရာတွင် သေနတ်သမားသည် တစ်ဦးတည်းလုပ်ဆောင်ခဲ့ခြင်းမရှိဘဲ အခြားသူတစ်ဦးလည်း ပါဝင်နေကြောင်း၊ ယုံကြည်ရသည့် အကြောင်းအချက်အလက်အချို့ ရရှိထားသည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **အင်တာနက်။**

ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ် ဂါဘရီယယ်လ်ဂီးဖို့ဒ်ကို သေနတ်သမားတစ်ဦး ပစ်ခတ်လုပ်ကြံခဲ့သည့် နေရာအား ရဲတပ်ဖွဲ့ဝင်များ ပိတ်ဆို့ထားသည်ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးတွင် ရေလွှမ်း၍ လူ ၁၀၀၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရ

ဆော်ပေါ်လို ဇန်နဝါရီ ၉ - ဘရာဇီးနိုင်ငံ ပြည်နယ်လေးခုတွင် မကြာသေးမီက ရေလွှမ်းမိုးခြင်းကြောင့် ပြည်သူ ၁၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုးရွားဆုံး ရေကြီးမှုဒဏ်ခံရသည့် မီးနက်ဇ်ဂျိုင်ရက်စ်ပြည်နယ်တွင် သောကြာနေ့အထိ သေဆုံးသူ ၁၆ ဦးရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ မြို့ပြကာကွယ်ရေးတာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

မြို့တော်အပါအဝင် မြို့ပေါင်း ၅၇ မြို့ရှိသော ဆော်ပေါ်လိုပြည်နယ်တွင် အရေးပေါ်အခြေအနေ အမိန့်ထုတ်ပြန်ထားကြောင်း၊ ယင်းပြည်နယ်၌ သေဆုံးသူ ၁၁ ဦးရှိကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

မိုးပိုမိုရွာမည်

နိုင်ငံ အရှေ့တောင်ပိုင်းတွင် အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။ ယင်းနယ်မြေ၌ ကယ်ဆယ်ရေးသမားများက သေဆုံးသူတို့၏ အလောင်းများ၊ အသက်ရှင်လျက်ရှိနေသူများကို ရှာဖွေလျက်ရှိသည်။ လာမည့်ရက်များအတွင်း မိုးပိုမိုရွာမည်ဟု ရာသီဥတုဆန်းစစ်သူများက ကြိုတင်ပြောကြားသည်။

ယမန်နှစ်က မိုးကြီး၍ ရေလွှမ်းသည့်ဒဏ်ကို လူဦးရေ ၇ ဒသမ ၈ သန်း ခံစားခဲ့ကြရပြီး ၄၇၀ ကျော် သေဆုံးခဲ့သည်။ **အင်တာနက်။**

ဂျူးအိမ်ရာများတည်ဆောက်ရန် အရှေ့ဂျေရုဆလင်၌ ဟိုတယ်တစ်လုံးဖြိုဖျက်ခံရ

ဂျေရုဆလင် ဇန်နဝါရီ ၉

ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့က အနာဂတ်ပါလက်စတိုင်းနိုင်ငံ၏မြို့တော်အဖြစ် ထားရှိလိုသည့် အရှေ့ဂျေရုဆလင်မှ ဟိုတယ်အဆောက်အအုံတစ်လုံးကို အစ္စရေးတပ်ဖွဲ့များက ယနေ့စတင်ဖြိုဖျက်ပစ်ခဲ့ကြောင်း သိရသည်။

ဟိုတယ် အဆောက်အအုံ ဖြိုဖျက်ခံခဲ့ရသော နေရာအစိတ်အပိုင်း၌ ဂျူးအခြေစိုက်နေထိုင်သူများအတွက် နေအိမ်အလုံး ၂၀ ဆောက်လုပ်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရဲတပ်ဖွဲ့ဝင်များ၏ အစောင့်အရှောက်အကာအကွယ်ဖြင့် မြေထိုးစက်သုံးစီးတို့သည် ဟိုတယ်ရှီးဖက်ဟု ယခင်က ကျော်ကြားခဲ့ဖူးသည့် အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကို ဖြိုဖျက်ခဲ့ကြောင်း သိရသည်။

ဖြိုဖျက်ခံခဲ့ရသော အဆောက်အအုံ၏ နေရာ၌ ဂျူးရပ်ကွက်တစ်ခု တည်ထောင်နိုင်ရေးအတွက် အိမ်အလုံး ၂၀ကိုတည်ဆောက်ရန် အစ္စရေးတို့က စီစဉ်နေကြောင်း ဂျူးအခြေစိုက်အိမ်ရာ တည်ဆောက်မှုဆန့်ကျင်သူတစ်ဦးက ဆိုသည်။

ဖြိုဖျက်ခံခဲ့ရသော ဟိုတယ်တည်ရှိရာ ပတ်ဝန်းကျင်၌ အခြေအနေကို ထိန်းသိမ်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များအား ဖြန့်ကြက်ထားကြောင်း အစ္စရေးရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှီးဖက်ဟိုတယ်ကို အစ္စရေးတပ်ဖွဲ့ဝင်များ ဖြိုဖျက်စဉ်။

အရှေ့ဂျေရုဆလင်နယ်မြေကို ပါလက်စတိုင်းက ပိုင်ဆိုင်သော်လည်း တစ်ယူသန်အစ္စရေးအခြေစိုက်နေထိုင်သူများက ယင်းနယ်မြေအတွင်းဝင်ရောက်ကာ အခြေစိုက်လာခြင်းကြောင့် အစ္စရေးနှင့် အာရပ်ဒေသခံများအကြား ပဋိပက္ခများဖြစ်ပွားရန် တာစူနေကြောင်းသိရသည်။ **အင်တာနက်။**

ပြည်ပရောက် အယ်လ်ခိုင်ဒါအဖြစ် ယူဆရသူ ၄၇ဦး ဆော်ဒီအာရေဗျနိုင်ငံက ဖမ်းဆီးရန်ကြိုးစားနေ

ရီယက်ဒ် ဇန်နဝါရီ ၉

ပြည်ပနိုင်ငံများ၌ရောက်ရှိနေပြီး ဆော်ဒီအာရေဗျနိုင်ငံကို တိုက်ခိုက်ရန်ကြံစည်နေသည်ဟု ယုံကြည်ရသည့် အယ်လ်ခိုင်ဒါများအဖြစ် ယူဆရသူ ၄၇ ဦးကို ခြေရာခံဖမ်းဆီးရန် ဆော်ဒီအာရေဗျနိုင်ငံက နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)သို့ အကူအညီတောင်းခံထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

၎င်းတို့အားလုံးသည် ပြည်ပနိုင်ငံများ၌ ရောက်ရှိနေသူများဖြစ်ကြောင်း ဆော်ဒီအာရေဗျပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားသော်လည်း မည်သည့်နိုင်ငံများ၌ ရှိနေကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

အယ်လ်ခိုင်ဒါအဖြစ် ယူဆရသူ ၄၇ ဦးလုံးသည် ဆော်ဒီအာရေဗျနိုင်ငံသားများဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက်ပိုင်း အယ်လ်ခိုင်ဒါအုပ်စုကို ဆော်ဒီအစိုးရက အပြင်းအထန်နှိမ်နင်းခဲ့ကာ သံသယရှိဖွယ် အယ်လ်ခိုင်ဒါများစာရင်းကို မပြတ်ထုတ်ပြန်လေ့ရှိသည်။

အိမ်နီးချင်း ယီမင်နိုင်ငံကို ခြေကုပ်ယူကာ လှုပ်ရှားလာသော အယ်လ်ခိုင်ဒါလက်ခွဲအုပ်စုများသည် နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများလုပ်ဆောင်ကာ ဆော်ဒီဘုရင့်အစိုးရကို ခြိမ်းခြောက်လျက်ရှိသည်။ **အေပီ။**

အမေရိကန်ကို ဆန့်ကျင်ရန် အယ်လ်ဆာဒါး တိုက်တွန်း

နာဂျက်ဖ် ဇန်နဝါရီ ၉ - အမေရိကန်နိုင်ငံက အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားမှုကို နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်သွားကြရန် အီရတ်ရှီးယိုက်အုပ်စုဝင် အမေရိကန်ဆန့်ကျင်ရေးဝါဒီ မွတ်တာဒါးအယ်လ်ဆာဒါးက ၎င်းကိုထောက်ခံသူ လူအုပ်ကြီးအား စနေနေ့က နှိုးဆော်ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ကျူးကျော်သူများကို စစ်ရေးအရသော်လည်းကောင်း၊ အခြားနည်းလမ်းများ အရသော်လည်းကောင်း ဆန့်ကျင်သွားရန် နာဂျက်ဖ်မြို့၌ ၎င်းကိုထောက်ခံသူများအား မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ရှီးယိုက်အုပ်စုဝင်တစ်ဦးဖြစ်သော ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ ဦးဆောင်သော အီရတ်အစိုးရအဖွဲ့သစ်ကို အခွင့်အရေးပေးရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်များ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်တို့ လိုက်ပါလျက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာပညာရေးကောလိပ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ(ဌာနမှူး)များအား တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် သုတေသနကိစ္စရပ်များ ပိုမိုထိရောက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးကာ တက္ကသိုလ်များမှ မွေးထုတ်ပေးသော ကျောင်းသား ကျောင်းသူများအား ပညာရည် ထူးချွန်ရုံသာမက စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်ရေးပြုစုပေးကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ကျောက်ဆည်တက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့သို့ ရောက်ရှိပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် သုတေသနကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ မဟာဘွဲ့သင်တန်းအတွက် လိုအပ်ချက်ဖြစ်သော ကျမ်းစာပြုစုတင်သွင်းသည့် သင်တန်းသား ကျောင်းသား၊ ကျောင်းသူများ၏ စာတမ်းဖတ်ကြား ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါက်တာသိန်းဝင်းနှင့် ဒေါက်တာ မောင်မောင်နိုင်တို့ လိုက်ပါလျက် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်၊ မန္တလေး အဝေးသင်တက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ စိုက်ပျိုးသုတ
၄း၂၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၈။ မျိုးချစ်တပ်မတော်
၄း၄၀ ၉။ လျှပ်တစ်ပြက်
၅း၂၀ ၁၀။ ဗွီစီတီကျော်ကြားတေး
၅း၂၅ ၁၁။ မီးသတိပြု
၅း၃၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၅)**
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၆။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၂၁)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk Of The Town
၂၃။ မေးမြန်းစူးစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၂၃)**
၂၇။ Mini Series
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

ကျောက်ကပ်ရောဂါဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ကျောက်ကပ်ရောဂါဆိုင်ရာ ဟောပြောဆွေးနွေးပွဲ (Symposium on Nephrology) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကျောက်ကပ်ရောဂါဆိုင်ရာ ဟောပြောဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဟောပြော

ယင်းဟောပြောဆွေးနွေးပွဲတွင် သဘာပတိများအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ရောဂါကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မောင်ဌေးနှင့် တပ်မတော်ဆေးရုံကြီး ကျောက်ကပ်ရောဂါကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာခင်မောင်မောင်သန်းတို့က ဆောင်ရွက်ကြပြီး သြစတြေးလျနိုင်ငံ Adelaide တက္ကသိုလ်နှင့် Royal Adelaide ဆေးရုံကြီး၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ကျောက်ကပ်ရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီးများက ကျောက်ကပ်ရောဂါဘာသာရပ်ဆိုင်ရာ ခေတ်မီကုသနည်းများ၊ ကျောက်ကပ်ရောဂါခွဲစိတ်နည်းများ၊ ကျောက်ကပ်အစားထိုးကုသနည်းများ၊ သုတေသနတွေ့ရှိမှုများနှင့် အတွေ့အကြုံများကို ဟောပြောဆွေးနွေးကြသည်။

ဟောပြောဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်များမှ ကျောက်ကပ်ရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ ကျောက်ကပ်ရောဂါ ခွဲစိတ်ကုပါရဂူ ဆရာဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးရုံကြီးများနှင့် တပ်မတော် ဆေးတက္ကသိုလ်တို့မှ ကျောက်ကပ်ရောဂါဆိုင်ရာ ပါရဂူများ၊ ဆရာဝန်ကြီးများ၊ သုတေသီပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါက်ခေါင်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ပေါက်ခေါင်း ဇန်နဝါရီ ၉

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းဒေသကြီး မန်နေဂျာ ဦးသိန်းထွန်း၊ ပြည်ခရိုင် မန်နေဂျာ ဦးစိုးနိုင်၊ ပေါက်ခေါင်းမြို့နယ် မန်နေဂျာ ဦးမြင့်လွင်နှင့် ကွင်းဝန်ထမ်းများသည် ဒီဇင်ဘာ ၇ ရက်က ပေါက်ခေါင်းမြို့နယ် အင်ငါးခွကျေးရွာအုပ်စု တာကောက်ကျေးရွာ ကွင်းအမှတ်(၇၁၅)ရှိ တောင်သူ ဦးခင်ဇော်ဦး၏ လယ်မြေ ၁၂ ဒသမ ၇၅ ဧက၌ စိုက်ပျိုးထားသော အင်းမရဲဘော်မျိုးသန့် အဆင့်နှစ်မျိုးနှင့် တောင်သူမျိုးအင်းမ ရဲဘော်(ပင်တို)တို့အား နှိုင်းယှဉ်စံကွက် ရိတ်သိမ်းကြရာ အင်းမရဲဘော်မျိုးသန့်အဆင့်(၂)မှာ တစ်ဧကအခြောက် ၈၅ ဒသမ ၂၅ တင်းနှင့် တောင်သူမျိုး အင်းမရဲဘော်(ပင်တို)မှာ တစ်ဧကစပါးအခြောက် ၆၂ ဒသမ ၅၀ တင်းထွက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ်စိုက်ပျိုးရေး)

လယ်ဝေးမြို့နယ် သီရိရတနာဈေး သမဝါယမအသင်း သီရိရတနာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် သီရိရတနာဈေး သမဝါယမအသင်း လီမိတက် ၏ "သီရိရတနာစာကြည့်တိုက်" ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် လယ်ဝေးမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ လယ်ဝေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကြီးတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ ဈေးသမဝါယမအသင်းသား ၅၀ တို့ တက်ရောက်ကြပြီး စာအုပ်မျိုးစုံ ၄၁၃ အုပ်နှင့် အလှူငွေကျပ် ၁၀၀၀၀ ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံပြီး**(အပေါ်ဝဲပုံ)** ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

✢ ကျော်ဖုံးမှ

ရေပြင်၏ အပေါ်ပိုင်းအလွှာတွင် အက်စစ်ဓာတ် ပိုမိုဖြစ်ပေါ်စေကြောင်း၊ ၁၇၅၀ ခုနှစ်နောက်ပိုင်း ပင်လယ်သမုဒ္ဒရာများ၏ အက်စစ်ဓာတ်ပါဝင်မှုနှုန်း ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

ပင်လယ်သမုဒ္ဒရာများ၌ အက်စစ်ဓာတ်ဖွဲ့စည်းမှုသည် ယခုရာစုနှစ်ကုန်ခန့်တွင် ၁၅၀ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်လာနိုင်ကြောင်း၊ ပင်လယ်ဆားငန်ရည်၌ ကာဗွန်နစ်အက်စစ်ဓာတ်တိုးပွားလာခြင်းဖြင့် ရေနေသတ္တဝါများ၏ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်မှုအတွက် လိုအပ်သော ကယ်လ်စီယမ်ကာဗွန်နိတ်ဓာတ်လျော့နည်း ဆုံးရှုံးလာကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

ဖျာပုံမြို့နယ် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ဖျာပုံမြို့နယ် မီးသတ်တပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင် အဖွင့်အမှာစကားပြောကြားစဉ်။ (၅၄၀)

မသန်စွမ်းသူများအသင်း ဆေးကုသစရိတ်ထောက်ပံ့မည်

ရန်ကုန် ဇန်နဝါရီ ၉

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(၂၀၁၀)အား ဂုဏ်ပြုသောအားဖြင့် ငွေကြေးချို့တဲ့သော မသန်စွမ်းကလေးများသို့ အထောက်အကူပြုပစ္စည်းများနှင့် ဆေးကုသစရိတ်များ ထောက်ပံ့နိုင်ရန်အတွက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်း(ရုံးချုပ်) အမှတ်(၅၁) ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၈၄၁၀၊ ၅၁၁၆၈၄နှင့် နယ်ရုံးခွဲများဖြစ်သည့် မန္တလေးမြို့ ဖုန်း-၀၂-၉၁၀၁၉၂၆၉၊ တောင်ငူမြို့ ဖုန်း-၀၉-၅၃၅၁၁၀၄၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၆၉၇၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၈၈၆၊ ဟင်္သာတမြို့ ဖုန်း-၀၄၄-၂၂၄၈၃၊ ဒေးဒရဲမြို့ ဖုန်း-၀၉-၈၅၉၁၉၁၈နှင့် ဘိုကလေးမြို့ ဖုန်း-၀၉-၈၅၉၀၂၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးမြို့ ရှင်စောပုရပ်ကွက် မြို့တွင်းကြီး အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေဇင်ထွန်း၊ တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးဝင်းမြင့်နှင့် အလှူရှင် ဦးဝင်းစိန်(စစ်ကောင်းလက်ဖက်ခြောက်) တို့ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဖုံးကွယ်လူသတ်သမားနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဗျူဟာများ

ရဲဂုဏ်မြင့်

ဤကမ္ဘာမြေပြင်ပေါ်တွင် စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများ၊ အကြမ်းဖက်မှုများ၊ ရာဇဝတ်မှု ပြစ်မှုများကြောင့် နေ့စဉ်နှင့်အမျှ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကမ္ဘာ့ဘဏ်တို့က ၂၀၀၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ယာဉ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းကို တားဆီးကာကွယ်ခြင်းနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အကျိုးဆက်များဆိုင်ရာ အစီရင်ခံစာတွင် မျက်မှောက်ကမ္ဘာတွင် ယာဉ်အန္တရာယ်ကြောင့် နေ့စဉ် လူ ၃၅၀၀ ကျော် သေဆုံးလျက်ရှိကြောင်း၊ နှစ်စဉ် လူပေါင်း ၁ ဒသမ ၃ သန်း သေဆုံးပြီး လူသန်းပေါင်း ၅၀ခန့်သည် ထိခိုက်ဒဏ်ရာရခြင်းနှင့် မသန်မစွမ်းဖြစ်နေကြရကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် တစ်မိနစ်လျှင် လူ ၁၂ ဦး သေဆုံးလျက်ရှိပြီး သုံးမိနစ်တိုင်းတွင် ကလေးငယ်တစ်ဦးနှုန်း သေဆုံးနေရကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးမှာ ကမ္ဘာ့နိုင်ငံအားလုံးတွင် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံခန့်ရှိနေကြောင်း၊ နှစ်စဉ် အလွန်ကြီးမားသော မြို့ကြီးတစ်မြို့ (Metropolis) ဆုံးရှုံးပျက်စီးနေသည်ဟု ဆိုရမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားပါသည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ WHO နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) က ကမကထပြုကာပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးဝန်ကြီးအဆင့်အစည်းအဝေးကြီး (First Global Ministerial Conference on Road Safety) ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ မော်စကိုမြို့တွင်ကျင်းပခဲ့သည်။ အစည်းအဝေးကြီးသို့ တက်ရောက်လာကြသူနိုင်ငံပေါင်း ၁၅၀မှကိုယ်စားလှယ်အားလုံးက ယာဉ်တိုက်မှုနှင့် လမ်းအန္တရာယ်သည် ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေသော အကြီးမားဆုံး ဖုံးကွယ်လူသတ်သမားဖြစ်သည် ဟူသောအချက်ကို တညီတညွတ်တည်း ရှုမြင်လက်ခံကြပြီး ယာဉ်တိုက်မှုနှင့် လမ်းအန္တရာယ်များ လျော့နည်းကျဆင်းရေးအတွက် ရှေ့လုပ်ငန်းစဉ် ချမှတ်ကာ မော်စကို ကြေညာစာတမ်း (Moscow Declaration) ကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် သဘောတူထုတ်ပြန်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဦးစီး၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ဆေးရုံကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါဝင်သော **ယာဉ်မတော်တဆမှုများ စာရင်းကောက်ယူရေးအဖွဲ့** နှစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ မြန်မာနိုင်ငံအတွင်း ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားသော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)များအတွင်း ၁၁-၉-၂၀၀၉ ရက်နေ့မှ ၂၀-၉-၂၀၀၉ ရက်နေ့အထိ ကွင်းဆင်းလျက် အချက်အလက်များကို ကောက်ယူ စုဆောင်းခဲ့ကြသည်။

ကွင်းဆင်းကောက်ယူသော အချက်အလက်များအရ ၂၀၀၈ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများတွင် လူသေဆုံးမှု တစ်မှုဖြစ်တိုင်း အပြင်းအထန်ဒဏ်ရာရရှိသူ ၂ ဒသမ ၇၈ မှု၊ သာမန်ဒဏ်ရာရရှိမှု သုည ဒသမ ၉၄မှု၊ဒဏ်ရာမရရှိသောယာဉ်တိုက်မှု သုည ဒသမ ၄၉ မှုဖြစ်ပွားကြောင်း တွေ့ရှိရသည်။ စာရင်းကောက်ယူရရှိချက်ပေါ်မူတည်၍လည်း ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ အသိပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်လည်းရှိပါသည်။

၂၆-၃-၂၀၀၉ရက်နေ့တွင်ဖွင့်လှစ်ခဲ့သော ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတွင်လည်း ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပညာပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ယင်းအမြန်လမ်းမကြီးတွင် ကွန်ကရစ်လမ်းအမျိုးအစား အရှည် ၁၉၆ မိုင် တစ်ဖာလုံဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ရှစ်လမ်းသွားလမ်းမကြီးဖြစ်ပါသည်။နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် ၂၀၀၉ခုနှစ်၌ လူတို့၏ ပေါ့ဆမှုကြောင့် ယာဉ်မတော်တဆမှုပေါင်း ၈၆ မှုဖြစ်ခဲ့ပြီး ၃၇ ဦးသေဆုံး၍ ၁၅၃ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၀ခုနှစ် နိုဝင်ဘာ ၂၃ရက်အထိ ယာဉ်တိုက်မှုပေါင်း ၇၀ ဖြစ်ခဲ့ပြီး ၄၃ဦး သေဆုံး၍ ၁၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါအမြန်လမ်းမကြီးတစ်လျှောက်တွင် ယာဉ်မတော်တဆမှုများကို လေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရှိရသည်-

(က) **ဖြစ်ပွားသည့်နေရာများ**

		၂၀၀၉ ခုနှစ်	**၂၀၁၀ ခုနှစ်**
(၁)	မိုင်တိုင်အမှတ် ၃၂မိုင်မှ ၃၃မိုင်အတွင်း (ပဲခူးမြို့နယ်အတွင်း)	၃ ကြိမ်	- ကြိမ်
(၂)	မိုင်တိုင်အမှတ် ၄၂မိုင်မှ ၄၃မိုင်အတွင်း (ပဲခူးမြို့နယ်အတွင်း)	- ကြိမ်	၄ ကြိမ်
(၃)	မိုင်တိုင်အမှတ် ၈၃မိုင်မှ ၈၄မိုင်အတွင်း (ကျောက်တံခါးမြို့နယ်အတွင်း)	- ကြိမ်	၄ ကြိမ်
(၄)	မိုင်တိုင်အမှတ် ၁၁၇မိုင်မှ၁၁၈မိုင်အတွင်း (ဖြူးမြို့နယ်အတွင်း)	၃ ကြိမ်	- ကြိမ်
(၅)	မိုင်တိုင်အမှတ် ၁၄၇မိုင်မှ ၁၄၈မိုင်အတွင်း (တောင်ငူမြို့နယ်အတွင်း)	၄ ကြိမ်	- ကြိမ်
(၆)	မိုင်တိုင်အမှတ် ၁၅၃မိုင်မှ ၁၅၄မိုင်အတွင်း (တောင်ငူမြို့နယ်အတွင်း)	၃ ကြိမ်	၂ ကြိမ်
(၇)	နှစ်ကြိမ်ဖြစ်ပွားသည့်နေရာ	၂၃ နေရာ	၉ နေရာ
(၈)	တစ်ကြိမ်ဖြစ်ပွားသည့်နေရာ	၂၇ နေရာ	၄၂ နေရာ
	စုစုပေါင်း	**၈၆ နေရာ**	**၇၀ နေရာ**

(ခ) **ဖြစ်ပွားရခြင်းအကြောင်းရင်းများ**

		၂၀၀၉ ခုနှစ်	**၂၀၁၀ ခုနှစ်**
(၁)	ယာဉ်မောင်းများ၏ပေါ့ဆမှု	၅၂ မှု	၄၅ မှု
(၂)	အရှိန်ပြင်းမောင်းနှင်မှု	၁၉ မှု	၅ မှု
(၃)	ယာဉ်ချွတ်ယွင်းမှု(ဘီးပေါက်)	၁၀ မှု	၁၁ မှု
(၄)	စက်ချွတ်ယွင်းမှု(ရှပ်ကျိုး/ဘရိတ်ပေါက်)	၄ မှု	၉ မှု
(၅)	ခရီးသည်ပေါ့ဆမှု	၁ မှု	- မှု
	စုစုပေါင်း	**၈၆ မှု**	**၇၀ မှု**

စစ်တမ်းစာရင်းဇယားနှင့်မှတ်တမ်းများအရ ယာဉ်အန္တရာယ်ကြောင့် သေဆုံးမှုအချိုးတွင် အမျိုးသားက ၇၅ ဒသမ ၈ရာခိုင်နှုန်း၊ အမျိုးသမီးက ၂၄ ဒသမ ၂ ရာခိုင်နှုန်းရှိနေကြောင်း တွေ့ရှိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအများစုမှာ ယာဉ်မောင်းလိုင်စင်မရှိသူများ၊ ယာဉ်မောင်းသင်တန်းမတက်ဖူးသူများ၊ ဆင်ခြင်တရားနည်းပါးသူများ၊ အရက်သေစာသောက်စားမူးယစ်၍ ယာဉ်မောင်းနှင်သူများဖြစ်ကြောင်း တွေ့ရသည်။ ဖော်ထုတ်ရန်အချက်အလက်များအရ လမ်းအန္တရာယ်ဖြစ်ပွားမှုများမှာ ယာဉ်မောင်း၏ပေါ့ဆမှု၊ အရှိန်ပြင်းမောင်းနှင်မှုနှင့် ယာဉ်အသုံးပြုသူတို့၏ ပေါ့လျော့မှု၊ ဂရုမပြုမှု၊ ယာဉ်ချွတ်ယွင်းမှုကြောင့် စသည့်လူသားတို့၏ ချို့ယွင်းအားနည်းချက်များကြောင့်သာ အများဆုံးဖြစ်ပွားပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဖုံးကွယ်လူသတ်သမားကို ကိန်းဂဏန်းများအရ မကြာမီကပင် ဖော်ထုတ်နိုင်ခဲ့ကြသည်။ ၂၀၀၇ ခုနှစ်က မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု ၆၉၃၉မှုဖြစ်ပွားခဲ့ပြီး ၁၆၃၈ဦးသေဆုံးကာ ၁၃၀၆၇ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၈ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်တိုက်မှု ၇၂၀၄မှု ဖြစ်ပွားပြီး ၁၈၅၃ ဦး သေဆုံးကာ ၁၂၈၀၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ယာဉ်တိုက်မှု ၈၄၆၁ မှု ဖြစ်ပွား၍ ၂၁၇၃ ဦး သေဆုံးပြီး ၇၁၈၄ဦး အပြင်းအထန်ဒဏ်ရာရရှိကာ ၇၅၁၆ ဦးမှာ သာမန်ဒဏ်ရာရရှိခဲ့သည်။

ဤသို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဘေးကင်းလုံခြုံမှုမရှိသဖြင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည်မှာ မြန်မာနိုင်ငံ၌သာမက ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေလျက် တစ်နေ့တခြား ကြီးထွားလာသော ကမ္ဘာ့ပြဿနာအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မဟာဗျူဟာများ ချမှတ်ကျင့်သုံး အကောင်အထည်ဖော်လာကြရသည်။ ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာလုံးဆိုင်ရာကျင့်သုံးနေသော လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရေပန်းအစားဆုံး မဟာဗျူဟာမှာ အီးငါးလုံးစနစ် (5Es System) ဖြစ်သည်။ အီးငါးလုံးစနစ်ဆိုသည်မှာ အသိပညာပေးခြင်း (Education)၊ လမ်းတည်ဆောက်မှုတွင် ဒီဇိုင်းကောင်းမွန်မှန်ကန်ခြင်း၊ နည်းပညာမှန်ကန်ခြင်း၊ ယာဉ်နှင့် စက်ကိရိယာပစ္စည်းများအား လမ်းနှင့် အံဝင်ခွင်ကျဖြစ်စေရန် နည်းပညာအရ စစ်ဆေးအသုံးပြုစေခြင်း (Engineering)၊ ယာဉ်များအသုံးပြုမှုတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်း (Enveronment)၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်ပါက အရေးပေါ် ရှေးဦးသူနာပြုစုခြင်းဖြင့် ဆေးဝါးအကာအကွယ်ပေး အသက်ကယ်ခြင်း (Emergency Medical Care)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုမရှိစေရန် ဥပဒေအရ တားမြစ်အရေးယူကြပ်မတ်ခြင်း (Enforcement) တို့ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လမ်းအန္တရာယ်ဖြစ်ပွားမှုများကို သုတေသနပြု စစ်တမ်းကောက်ယူရာမှ ပေါ်ထွက်လာသည့် အချက်များအပေါ် သုံးသပ်လျက် လမ်းအန္တရာယ်ကာကွယ်လျှော့ချနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ သာဓကအားဖြင့် နေပြည်တော်-ရန်ကုန်အဝေးပြေးကားလမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့သော လမ်းအန္တရာယ်များကို ကွင်းဆင်းစိစစ်လေ့လာခဲ့ရာ ယာဉ်တိုက်မှုများသည် ယာဉ်မောင်း၏ပေါ့ဆမှုကြောင့် အများဆုံးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအပိုင် မိုင်တိုင် ၄၂နှင့် ၄၃အကြားတွင် အများဆုံးဖြစ်ကြောင်း၊ ရန်ကုန်မှ နေပြည်တော်သို့ အလာလမ်းကြောင်းတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း၊ နေ့ပိုင်းတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် လမ်းမကြီးတစ်လျှောက် လမ်းကွေ့များ၊ ကုန်းတက်ဆင်းများမောင်းနှင်ရမည့် သတ်မှတ်မိုင်နှုန်းများတို့ကို ပြသသည့် အချက်ပြဆိုင်းဘုတ်များ၊ လမ်းအမှတ်အသားများကိုလည်းကောင်း၊ အရှိန်လျှော့မောင်းနှင်ရန်အတွက် (Slow Down)များ၊ လမ်းအကာအရံများကိုလည်းကောင်း၊ လမ်းမကြီးတစ်လျှောက် လိုအပ်နေရာများတွင် ညကြည့်ရောင်ပြန်မီး(Cat Eye) များကိုလည်းကောင်း လိုအပ်သလိုဖြည့်စွက် တပ်ဆင်ဆောင်ရွက်ခဲ့သည်။ ယာဉ်တိုက်မှု ဖြစ်ပွားရခြင်းများမှာ ယာဉ်မောင်းသင်တန်းမတက်ဖူးသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်သူများကြောင့်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မောင်းသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် လူသားတို့အား အနီးကပ်ဆုံးနှင့် အကြီးမားဆုံး ခြိမ်းခြောက်အန္တရာယ်ပေးနေသည့် ဖုံးကွယ်လူသတ်သမားသည် လမ်းအန္တရာယ်ဖြစ်သည်။ ထို့ကြောင့် လမ်းအန္တရာယ်တည်းဟူသော ဖုံးကွယ်လူသတ်သမားကြောင့် လူ့အသက်ပေါင်းများစွာ သေကျေကြရသည်သာမက နောက်ဆက်တွဲဖြစ်သော လူမှုရေး၊ စီးပွားရေး ဒုက္ခများပါ အကျိုးဆက်ကြီးစွာ ခံစားနေကြရသည်ကို အလေးအနက်ထား သတိပြုကြလျက် ဖုံးကွယ်လူသတ်သမားအား တားဆီးနိုင်ရေးအတွက် လူသားအားလုံး အသိကိုယ်စီဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်ရပေသည်။ ။

ရန်ကုန်စီးပွားရေးလမ်းညွှန်(တကယ်အသုံးတည့်တဲ့လမ်းညွှန်) (၂၀၁၁)စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၉

နှစ်စဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန်စီးပွားရေးလမ်းညွှန် (တကယ် အသုံးတည့်တဲ့လမ်းညွှန်) စာအုပ်ကို ၂၀၁၁ နှစ်ဦးတွင် အစောဆုံးထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**

ယင်းစာအုပ်တွင် ရန်ကုန်မြို့ အပါအဝင် နေပြည်တော် ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ အောင်လံ၊ ပဲခူး၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ ပုသိမ်၊ မအူပင်၊ မြောင်းမြ၊ ဟင်္သာတ၊ ဇလွန်မြို့များနှင့် ယင်းမြို့တို့နှင့် ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည်အောက်ပိုင်း မြို့ပေါင်း ၃၅ မြို့တို့၏ စီးပွားရေးလုပ်ငန်းလိပ်စာ အချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် အတွင်းရောင်စုံစီးပွားရေးကြော်ငြာများ ပါဝင်သည်။ ယခုနှစ်ထုတ်ဝေသော စာအုပ်ကို Singapore နိုင်ငံ Times Printers တွင် ပုံနှိပ်ပြီး ပုံနှိပ်အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်ဝေထားခြင်းဖြစ်သည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ် ၈၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာအချက်အလက်ပေါင်း ၈၀၀၀၀ ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားပြီး ယင်းလုပ်ငန်းလိပ်စာ အချက်အလက်များကို www. myanmar businessdirectory. com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

ရန်ကုန်စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်းလိပ်စာ အချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။ ရန်ကုန်စီးပွားရေးလမ်းညွှန်ကို အမှတ် (၁၄၅) (၃၆) လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၉၅၊ ၃၈၇၀၁၀နှင့် အမှတ်(၄/၆) ၂၄-၂၅ လမ်းကြား၊ ၆၂-၆၃ လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀ နှင့် ၀၉-၂၀၀၁၁၃၄ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ လွတ်လပ်ရေးကျောက်တိုင်ပန်းခြံရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက်က (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်ဟန် ဖတ်ကြားစဉ်။ (၃၄၂)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကျွန်းစုမြို့ ရေပေးဝေရေးလုပ်ငန်းများကို စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဒုတိယဝန်ကြီး ဦးသန်းငွေး ရဲတံခွန်ကမ်းလွန်ရေနံထုတ်လုပ်ရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေးသည် ဇန်နဝါရီ ၈ ရက်တွင် Petronas Carigali Myanmar (Hong Kong) Limited (PCML) ၏ မုတ္တမကမ်းလွန် ပင်လယ်ပြင်ရှိ ရဲတံခွန်ကမ်းလွန်ရေနံထုတ်လုပ်ရေး Platform သို့ သွားရောက်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရဲတံခွန် Platform မန်နေဂျာနှင့် တာဝန်ရှိသူများက အစည်းအဝေးခန်းမ၌ ရဲတံခွန် Platform မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ နေ့စဉ်ထုတ်လုပ်နိုင်မှုအခြေအနေများကို လည်းကောင်း၊ သဘာဝအလျောက် ထုတ်လုပ်မှု ကျဆင်းလာခြင်းကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက Platform ပေါ်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး သစ်သီးခြင်း လက်ဆောင်ကိုပေးအပ်ကာ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရဲတံခွန် Platform မှ ရေနံသိုလှောင်တင်ပို့ရေးသင်္ဘော Floating Storage and Offloading (FSO) ပေါ်သို့ ဆက်လက်သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရေဖြူမြို့နယ် ကန်ဘောက်ကျေးရွာအုပ်စုရှိ PCML ကုမ္ပဏီ၏ Pipeline Operating Centre (POC) သို့ ရောက်ရှိရာ POC မန်နေဂျာက ကမ်းလွန်သဘာဝဓာတ်ငွေ့များ ပြည်ပသို့ ထိန်းချုပ်ပို့လွှတ်နေမှု အခြေအနေများကို လည်းကောင်း၊ လူမှုစီးပွားဖွံ့ဖြိုးရေးတာဝန်ခံက ဒေသတွင်း ဖွံ့ဖြိုးရေးအထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေး Petronas Carigali Myanmar (Hong Kong) Limited (PCML) ၏ မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရဲတံခွန်ကမ်းလွန်ရေနံထုတ်လုပ်ရေး Platform ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အသက်မွေးမှုပညာသင်တန်းကျောင်း စက်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အသက်မွေးမှုပညာသင်တန်းကျောင်း (စက်ပြင်/အလုပ်ရုံ)သင်တန်း အမှတ်စဉ်(၁၂) စက်ပြင်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း ဒက္ခိဏဆောင်၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းမြင့်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်ကျောင်းအုပ်ကြီး ဦးအောင်ကျော်ငြိမ်၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဦးမင်းသန့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ထူးချွန်ဆုများပေးအပ်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ကာ သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်နေမှုများနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းသင်တန်းကျောင်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ၂၀၀၇ ခုနှစ် မတ် ၂၁ ရက်တွင် အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (Bridge Asia Japan)မှတစ်ဆင့် သင်တန်းကျောင်းကို လွှဲပြောင်းလက်ခံ၍ စက်မှုလက်မှု အသက်မွေးမှုပညာလုပ်ငန်းများ ပြန့်ပွားရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သင်တန်းအမှတ်စဉ်(၁)မှ အမှတ်စဉ်(၈)အထိ သင်တန်းသား ၁၁၀နှင့် နည်းပြမွမ်းမံသင်တန်း သုံးကြိမ်တွင် သင်တန်းသား၂၃ ဦး စုစုပေါင်း ၁၃၃ ဦး ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် မတ် ၁၃ ရက်တွင် စစ်တွေမြို့မှ ရန်ကုန်မြို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းသို့ ပြောင်းရွှေ့ပြီး သင်တန်းများ ဆက်လက်ပို့ချပေးလျက်ရှိရာ အမှတ်စဉ်(၁၂)အထိ နယ်စပ်ဒေသမှ တိုင်းရင်းသား လူငယ် ၆၆၈ ဦးတို့အား စက်ပြင်ပညာရပ်များနှင့် လျှပ်စစ်နှင့် ဂဟေဆက်သင်တန်းများ သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုသင်တန်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ္ဍာလီမိတက်တို့မှ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအထက်တန်းကို ပြီးစီးအောင် သင်ယူနိုင်ခြင်းမရှိသော ဝန်ထမ်းမိသားစုဝင် ၂၄ ဦးနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ် ၁၈ ဦး စုစုပေါင်း ၄၂ ဦးတို့ သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို ဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းမြင့် အသက်မွေးမှုပညာသင်တန်းကျောင်း(စက်ပြင်/အလုပ်ရုံ)သင်တန်း အမှတ်စဉ်(၁၂) စက်ပြင်သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(နယ်စပ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး-တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀ ၈။ အဆိုပြိုင်ပွဲ
၈း၂၅ ၉။ "မြူတိမ်ကင်းသောနေ့"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၂၃) (ဇာတ်သိမ်း)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကမ္ဘာကျော်သရုပ်ဆောင်များ (အပိုင်း-၆)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၂၂)**
၁၈။ အစီအစဉ်ပြီး၏။

Hospitality Operation & Service Course အတန်းသစ် ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၉

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ Hospitality Operation & Service Course သင်တန်းအပတ်စဉ်အသစ်ကို ဇန်နဝါရီ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများအကြောင်း Hotel Operations, ဧည့်ဝတ်ကျေပွန်မှုအတတ်ပညာCustomer Services, အစားအသောက်တည်ခင်းဝန်ဆောင်မှု အတတ်ပညာ F&B Service နှင့် ဟိုတယ်တွင်း သပ်ရပ်လှပအောင်ထိန်းသိမ်းခြင်း အတတ်ပညာ Housekeeping Operation စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH & LA (USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးကြမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT) အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

နိုင်ငံတကာဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ ကူညီပေးမည်ဖြစ်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre Interview များကို လေ့ကျင့်ပေးသည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇန်နဝါရီ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂)ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀ ၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

WEBSITE နှင့် BUSINESS APPLICATION ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့က ၂၀၁၀ ခုနှစ်အတွက် Website of The Year 2010 နှင့် Business Application of The Year 2010 ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်များသည် မိမိတို့၏ Project ကို CD နှစ်စုံပြုလုပ်၍ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ရုံးခန်းသို့ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့ရမည်ဖြစ်ကြောင်း၊အသေးစိတ်ကိုwww. myanmarictawards. org၊ www.mcpamyanmar.org နှင့် www. mcjamyanmar.org တို့တွင် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Silkpro Hair Shampoo နှင့် Silk Bath Shower Cream အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

Ta-Fa Trading Co.,Ltd. က ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me & Secret အလှကုန်ပစ္စည်းများကို သုံးစွဲသူများနှင့် ရောင်းချသူများအား ကျေးဇူးတုံ့ပြန်ပွဲ၊ Silkpro Hair Shampoo နှင့် Silk Bath Shower Cream အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားများကို ဇန်နဝါရီ ၇ရက် မွန်းလွဲပိုင်းနှင့် ညပိုင်းတို့တွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကုန်ပစ္စည်းသစ်များဖြစ်သည့် Silkpro Hair Shampoo နှင့် Silk Bath Shower Cream များကို မိတ်ဆက်ပြီး Tohtonku(S) Private Limited နှင့် Monsoon Hair Salon တို့ ပူးပေါင်းစီစဉ်မှုဖြင့် Singapore နိုင်ငံမှ Celebrity Hair Stylist, Mr.Addy Lee က ကွဲပြားခြားနားသော ဦးရေပြားအမျိုးအစားများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆီပြန်သောဦးရေပြားရှိသူတစ်ဦးနှင့် ဗောက်များပြည့်နှက်နေသော ဦးရေပြားရှိသူတစ်ဦးတို့၏ ခေါင်းမလျှော်မီ အခြေအနေများကို ပြသပြီး Silkpro Hair Shampoo ဖြင့် ခေါင်းလျှော်ပေးကာ တစ်ကြိမ်လျှော်ပေးရုံဖြင့် သိသာထင်ရှားသည့် ထူးခြားပြောင်းလဲမှုများကို နှိုင်းယှဉ်ပြသသည်။

ဆက်လက်၍ Mr.Addy Lee က တီထွင်ဆန်းသစ်သော ဆံပင်ဒီဇိုင်းများ၊ ဆံပင်ဆင်ယင်ထုံးဖွဲ့မှုများကို လက်တွေ့ညှပ်ပြခြင်း၊ ပုံဖော်ပေးခြင်းများကိုပါ ပြသသည်။ အလားတူ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် မန္တလေးမြို့ Sedona Hotel ၌လည်း ကျင်းပခဲ့သည်။

ယခုမိတ်ဆက်ပေးသော Silkpro Hair Shampoo နှင့် Silk Bath Shower Cream ပစ္စည်းသစ်များမှာ ပိုးဥအိမ်ဖွဲ့သော ပိုးကောင်လေးများ၏ Silk Protein ကို ပိုးချည်မျှင်လေးများမှ တစ်ဆင့် Bio-Technological Process ဖြင့် Silk Crystal အဖြစ် ထုတ်ယူဖော်စပ်ထားခြင်းဖြစ်၍ ဦးရေပြားကျန်းမာပြီး ဆံကေသာနူးညံ့ပျော့ပျောင်းသန်စွမ်းစေကြောင်း၊ နေ၏ UV rays များနှင့် ပတ်ဝန်းကျင်ဖိစီးမှုဒဏ်များမှ ကာကွယ်ပေးခြင်း၊ သာမန်အစိုဓာတ်ပေးပစ္စည်းများထက် အစိုဓာတ် ငါးဆပိုမိုရရှိခြင်းစသည့် အာနိသင်များပါရှိကြောင်း "Healthy Hair begins with Healthy Scalp" ဟု ဖော်ညွှန်းထားပြီး Bath in Silk ဟု တိုက်တွန်းထားကြောင်း သိရသည်။

(သတင်းစဉ်)

Silkpro Hair Shampoo နှင့် Silk Bath Shower Cream အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားတွင် ကံထူးရှင်တစ်ဦးအား ရွှေနှစ်ကျပ်သား ချီးမြှင့်စဉ်။

(သတင်းစဉ်)

○ ရွှေဖုံးမှ

ယင်းနောက် မှန်ထုတ်လုပ်မှုလုပ်ငန်း၏ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို လုပ်ငန်းအပိုင်းအလိုက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါစက်ရုံမှ တစ်နေ့လျှင် ကုန်ချော မှန် ၁၁၇ တန် ထုတ်လုပ်နိုင်မည် ဖြစ်ပြီး အရောင်မှန်၊ လွှာထပ်မှန်၊ လုံခြုံရေးမှန်၊ အန္တရာယ်ကင်းမှန်၊ လေကာမှန်၊ ကျည်ကာမှန်၊ ကြည့်မှန်စသည့် မှန်အမျိုးမျိုးအား အရွယ်အစားအမျိုးမျိုး ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ပြည်တွင်းသယံဇာတ ကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ အဆင့်မြင့်မှန်များ ထုတ်လုပ်ရန်၊ ခေတ်မီအဆင့်မြင့်မှန်များ ထုတ်လုပ်သုံးစွဲခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ခေတ်မီမှန် ထုတ်လုပ်မှုနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန် ၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားမှ တင်သွင်းနေမှု လျော့နည်းပြီး နိုင်ငံခြားငွေ ခြိုးခြံချွေတာသက်သာစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား)သို့ ရောက်ရှိပြီး ပင်မစက်ရုံအတွင်း စက်များ၏ကြံ့ခိုင်မှုနှင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ကြရန်မှာကြား၍ အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်ထားသော အဝတ်အထည်နှင့်အဆင်ဒီဇိုင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ဖွံ့ဖြိုးတိုးတက်လှပမှ

ဟိုင်းကြီးကျွန်းတွင် ငါးပိစက်၊ ရေခဲစက်၊ တွင်ခုံ၊ ငါးပုံဆန်စက်၊ ဆီစက်၊ သစ်စက်တို့ရှိသည်။ ဒေသထွက်ကုန်ဖြစ်သော ကဏန်း၊ သား၊ ငါးများ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည် စသော ရေထွက်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်တို့ကို တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

ဟိုင်းကြီးကျွန်း မြို့နယ်တွင် ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ ကျေးရွာ ၁၁၀ ဖြင့် ဖွဲ့စည်းထားရှိသည်။ မြို့အကျယ်အဝန်းမှာ ၃၄၄၇ ဧက ၅ ဒသမ ၄၄ စတုရန်းမိုင်၊ မြို့နယ် အကျယ်အဝန်းမှာ ၂၃၀၉၉၃ ဧက ၃၆၀ ဒသမ ၉၂ စတုရန်းမိုင်ရှိသည်။ ပင်လယ်နှင့် ဆက်စပ်တည်ရှိပြီး တောင်တန်းတောင်ကုန်းများမှာ မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသော ရခိုင်ရိုးမတည်ရှိပြီး တောင်ဘက်နှင့်မြောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ငရုတ်ကောင်းမြို့၊ အရှေ့ဘက်တွင် သက္ကယ်သောင်မြစ်တို့တည်ရှိသည်။ မြစ်ချောင်းအင်းအိုင် ပေါများခြင်းကြောင့် သား၊ ငါးပေါများခြင်း၊ မြစ်ဝကျွန်းပေါ်ဖြစ်၍ စပါးစိုက်ပျိုးဖြစ်ထွန်းခြင်း၊ ပင်လယ်နှင့်နီးစပ်၍ ဆားငန်ရေဝင်ရောက်မှုကြောင့် နေလှန်းဆားများထွက်ရှိခြင်း၊ အနောက်ရိုးမတောင်တန်းနှင့် ဆက်စပ်တည်ရှိ၍ သစ်တောထွက်ပစ္စည်းများ ထွက်ရှိခြင်းတို့ကြောင့် စီးပွားရေးကောင်းမွန်သော ဒေသတစ်ခုဖြစ်သည်။ ဗမာ၊ ရခိုင်၊ ကရင် လူမျိုးစုများ နေထိုင်သည်။ ဟိုင်းကြီးကျွန်းသို့ သွားရောက်ရာတွင် အခြားဒေသများနှင့် ဆက်သွယ်သော မြို့ချင်းဆက်လမ်းများ၊ တံတားများရှိသဖြင့် မြန်မာပြည်တစ်ပြည်လုံးနှင့် သွားလာမှုလွယ်ကူစေသည်။

ဟိုင်းကြီးကျွန်းနှင့် ပုသိမ်မြို့သို့ ဆက်သွယ်သော ပုသိမ်-မော်တင်လမ်း ၉၆ မိုင်အား ကတ္တရာလမ်းအဖြစ် ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်ပြီးဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၂)မှ လပွတ္တာ-သုံးခွ-ထိပ်စွန်းလမ်းကို ဖောက်လုပ်လျက်ရှိသည်။ ဟိုင်းကြီးကျွန်းမြို့တည်နေပုံကား သာယာလှပပြီး ကြည်နူးဖွယ်ကောင်းလှသည်။ ရောက်ရှိလာသူများ၏ စိတ်နှလုံးကို သာယာချမ်းမြေ့စေသည်။ မြို့သာယာလှပပြီး သန့်ရှင်းမှုရှိသကဲ့သို့ ဝန်ထမ်းများ ဆက်ဆံရေး ကောင်းမွန်လှသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ဌာနဆိုင်ရာ အသီးသီး၏ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ကြသဖြင့် ထိုကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။

ယခုအခါတွင် ပုသိမ်မြို့မှ ဟိုင်းကြီးကျွန်းမြို့သို့ အဆင့်မြင့် ရှပ်ပြေးသင်္ဘောများ ပြေးဆွဲလျက်ရှိရာ ခရီးသည်များ အန္တရာယ်ကင်းပြီး စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း တယ်လီဖုန်းလိုင်းများ ရှိနေခြင်းကလည်း မြို့၏ တိုးတက်မှုကို ပိုမိုမြင့်မားစေသည်။ ယခင်က ဟိုင်းကြီး၊ ကျောက်ချောင်း၊ ပြင်ခရိုင် ဆေးရုံသုံးရုံသာရှိခဲ့မှ ယခုအခါ ကျုံးကူးကျေးရွာတွင် ဆေးရုံတစ်ရုံ ထပ်မံဆောက်လုပ်ပေးနိုင်သဖြင့် ဆေးရုံလေးရုံအထိ တိုးတက်လာခဲ့သည်။ ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ကညင်ချောင်းရွာ ကျေးရွာချင်းဆက် တံတားအားတွေ့ရစဉ်။

ဆားကွင်းများ ဟိုင်းကြီးကျွန်းမြို့ရှိ အောင်မြင်နေသော ဆားကွင်းများကို တွေ့ရစဉ်။

ဟိုင်းကြီးကျွန်းမြို့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ရှင်းလင်းပြောကြားစဉ်။

တွံတေးမြို့နယ်၌ ရိတ်သိမ်းပြီး မိုးစပါးများ အမိုးအကာအောက်ရောက်ရှိရေး ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

တွံတေးမြို့နယ်အတွင်း အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် စပါးလေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ရိတ်သိမ်းပြီး မိုးစပါးများ အမိုးအကာအောက်ရောက်ရှိရေး၊ အချိန်မီ ရိတ်သိမ်း ခြွေလှေ့ရေးအတွက် သက်ဆိုင်ရာမှ အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ခြင်း၊ ကွင်းဆင်းပညာပေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က တွံတေးမြို့နယ် ကုလားတန်း တကလဲ့ကျေးရွာအုပ်စု ကံပါတ်ရိုးကျေးရွာ ကွင်းအမှတ် (၁၂၄-A) ရှိ တောင်သူ ဦးမြင့်ဝင်း **(အောက်ပုံ)**၏ တောင်ပံ့ရင်စပါးငါးဧကတွင် ရိတ်သိမ်းပြီး ကောက်လှိုင်းများအား တလင်းနှင့် အမိုးအကာအောက် ရောက်ရှိစေရေး၊ နွေစပါးနှင့် ပဲမျိုးစုံသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ဝိုင်းဝန်းသယ်ယူ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကံလျားရှည်ကျေးရွာ ထာဝရအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လှ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆံဆက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်အေးနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ သူငယ်တန်း ပညာရည်ချွန်ဆုရရှိသော မောင်ပြည့်စုံအောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဆွေဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၉

အိန္ဒိယသမ္မတနိုင်ငံ ဒေလီမြို့၌ ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် Sustainable Livelihood For Women Through Craft Seminar သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင်သည့်အဖွဲ့သည် ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံတွင် ကျင်းပမည့် Sustainable Livelihood For Women Through Craft Seminar သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင်သည့်အဖွဲ့ ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေ တောင်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့ရှိ မီးသတ်စခန်း အဆောက်အအုံများဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်း၌ ငါးယူနစ် နှစ်ထပ် မီးသတ်စခန်းနှင့် ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ် ဆောက်လုပ်နေမှုအခြေအနေနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ နှစ်ယူနစ် မီးသတ်စခန်းသစ်နှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မီးဘေးကာကွယ်ရေးဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် ဥက္ကဋ္ဌ ဦးအေးလွင်က စက်မှုဇုန် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး MTI သစ်အချောထည်စက်ရုံ မီးဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှာစကားပြောကြား

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အာဆီယံအင်ဂျင်နီယာအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် ပေးအပ်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အာဆီယံအင်ဂျင်နီယာအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်များ ပေးအပ်ပွဲနှင့် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အာဆီယံအင်ဂျင်နီယာအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်များ ပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်နှင့် ဂုဏ်ထူးဆောင် ဧည့်သည်တော် ASEAN Federation of Engineering Organizations (AFEO) မှ Board of Member, Professor Dato' Dr. Chuah Hean Teik တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဧည့်သည်တော်က အာဆီယံအင်ဂျင်နီယာ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် (ASEAN Engineer Register- AER) ရရှိကြသူများအား AER လက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသား စုံညီ ညီလာခံကို ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနာယက အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုကော်မတီအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းခြင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ် ဗဟိုကော်မတီဝင်များ နုတ်ထွက်ခြင်း၊ ၂၀၁၁-၂၀၁၂ အမှုဆောင်သက်တမ်းအတွက် ဗဟိုကော်မတီဝင်များနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

(သတင်းစဉ်)

MNL ၏ အအောင်မြင်ဆုံး ရတနာပုံ F.C

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မြန်မာ့ဘောလုံး ပရိုစနစ်သို့ ကူးပြောင်းပြီး ပရော်ဖက်ရှင်နယ်လိဂ် (ခေါ်) မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ကျင်းပခဲ့သည်မှာ ပြိုင်ပွဲလေးခုပင် ပြီးဆုံးသွားပြီဖြစ်သည်။ လက်ရှိ MNL ပြိုင်ပွဲဝင်အသင်းများထဲတွင် အအောင်မြင်ဆုံးအသင်းကို ပြပါဆိုလျှင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံအသင်းကို ပြရမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲလေးကြိမ်တွင် ချန်ပီယံဆုဖလားသုံးကြိမ်အထိ ရယူထားနိုင်ခြင်းကြောင့် ဖြစ်သည်။

ပထမဦးဆုံး စတင်ကျင်းပသည့် ၂၀၀၉ MNL CUP ပြိုင်ပွဲမှာပင် အောင်မြင်မှုနှင့် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တွင် နှစ်နှစ်ဆက်ဗိုလ်ဆွဲနိုင်ခဲ့သည်။ ရတနာပုံအသင်း၏ ပြည်တွင်းအောင်မြင်မှုကို အရောင်တင်ပေးသည့် အောင်မြင်မှုတစ်ခုမှာ ၂၀၁၀ ခုနှစ် AFC President's Cup ပြိုင်ပွဲဖြစ်သည်။ ၂၀၀၉ MNL ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ခြေစွမ်းပြကာ ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ပရိုစနစ်ကူးပြောင်းပြီးနောက်ပိုင်း အာရှအဆင့်ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ပထမဦးဆုံး အောင်ပွဲခံနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ဇန်နဝါရီ ၁၅ ရက်တွင် စတင်ကျင်းပတော့မည့် ၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲကိုလည်း လူဟောင်းကစားသမား အများစုဖြင့်သာ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ နိုင်ငံခြားသား ကစားသမား ပါဝင်မှုကို လေးဦးသို့ လျှော့ချခဲ့သောကြောင့် ယမန်နှစ်က အသုံးပြုခဲ့သည့် ကစားသမားများထဲမှ ရိုဒရီဂူကို အသင်းမှ ထွက်ခွာခွင့်ပြုခဲ့သည်။ ထို့ပြင် ကွင်းလယ်ကစားသမားများဖြစ်သည့် အောင်ကျော်မိုးနှင့် ထွန်းထွန်းဝင်းတို့ မိခင်ဝန်ကြီးဌာနသို့ ပြန်သွားသော်လည်း အသင်းခေါင်းဆောင် ခင်မောင်ထွန်းနှင့် တိုက်စစ်မှူး ရန်ပိုင်တို့ကို အသင်း၌ ဆက်ရှိနေစေရန် ထိန်းထားနိုင်ခဲ့သည်။ ကစားသမားသစ်ခေါ်ယူမှုအဖြစ် မကွေး F.C မှ တောင်ပံကစားသမား အောင်မြင့်အေးကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၁၀၀၊ လက်မှတ်ထိုးကြေး ကျပ်သိန်း ၁၅၀ ဖြင့် ခေါ်ယူခဲ့သည်။

ချန်ပီယံဆုဆွတ်ခူးအောင် စွမ်းဆောင်ပေးထားသည့် နည်းပြအဖွဲ့၊ ကစားသမားအဖွဲ့တို့ ဆက်လက်ပိုင်ဆိုင်ထား၍ ရတနာပုံအသင်းသည် ယခုနှစ်တွင်လည်း ချန်ပီယံဆုကာကွယ်နိုင်ရန် အလားအလာကောင်းနေသည်။

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း။

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ချန်ပီယံဆုရရှိခဲ့သည့် အသင်းမှ ကစားသမားအများစုအသင်းတွင် ဆက်ရှိနေ၍ ကျေနပ်မိကြောင်း၊ မိမိတို့အနေဖြင့် MNL တွင်လည်း ချန်ပီယံဆုကို သုံးနှစ် ဆွတ်ခူးရယူလိုကြောင်း၊ ချန်ပီယံထပ်ဖြစ်အောင်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် MNL အမှတ်ပေးပြိုင်ပွဲ၊ ရှုံးထွက်ပြိုင်ပွဲနှင့် AFC President's Cup ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရန်ရှိနေပြီး အလိုချင်ဆုံး ဆုဖလားမှာ AFC President's Cup ဆုဖလားဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်လို၍ ပိုပြီးလိုချင်မိခြင်းဖြစ်ကြောင်း။

လာမည့် ၂၀၁၁ MNL ပြိုင်ပွဲမှာ ပွဲတိုင်း အကြိတ်အနယ် ကစားရမည်ဖြစ်ပြီး စိတ်ဝင်စားစရာကောင်းမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများ၏ ပြင်ဆင်မှုကြောင့်လည်း ချန်ပီယံဆုအတွက် အပြိုင်အဆိုင် ပိုဖြစ်လာနိုင်ကြောင်း၊ မိမိတို့အသင်း၏ လက်ရှိလူအင်အားက ပြီးခဲ့သည့် ပြိုင်ပွဲဝင်အသင်းများထက် ပိုမိုတောင့်တင်းပါကြောင်း၊ အသင်း၏အနေအထားကို ကျေနပ်မိသလို အောင်မြင်မှုရမည်ဟုလည်း ယုံကြည်ကြောင်း ပြောကြားသွားသည်။ ။

၂၀၁၀ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်း။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဘဝဇာတ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်" တရားတော် [ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၈)**
- ၈း၃၅ Activities In The City [အလက(၁)တောင်ဥက္ကလာ၏ အာစရိယပူဇော်ပွဲ)]
- ၈း၅၀ တောင်ငူ GTI/GTC ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၉း၀၅ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ (မင်္ဂလာရက်မြတ်များဆီသို့)
- ၉း၄၅ ဗီဒီယိုပြခန်း
- ၁၀း၀၅ အရိုး၊ အကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည့်နှင်းဆီ
- ၁၀း၂၅ ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၆)နှစ်မြောက် အထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲ
- ၁၀း၄၀ The Champion of Dance
- ၁၁း၁၅ Celebrity Choice (ရတနာမိုင်)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (Myanmar Book Centre ၏ C.E.O ဒေါက်တာသန့်သော်ကောင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၂း၃၅ Activities In The City (အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် [စက်မှုလက်မှုသိပ္ပံ(အင်းစိန်) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန အာစရိယပူဇော်ပွဲ]
- ၁း၀၀ "ဘဝဇာတ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်" တရားတော် [ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာအဏ္ဏဝါအသင်းတတိယ အကြိမ်မြောက်အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ)
- ၃း၀၅ International Show Biz
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၁)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၈)**
- ၄း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အိုဗာအချစ်ရိုက်ကွင်း အမှတ်တရ)
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ (မင်္ဂလာရက်မြတ်များဆီသို့)
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၂)**
- ၇း၃၀ အနုပညာမိုးကောင်းကင်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (အထင်ကြီးတာကောင်းတယ် အထင်မကြီးတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၉)**
- ၁၀း၀၅ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဦးထွန်းလွင် မိုးလေဝသပညာရှင်)]
- ၁၀း၃၅ ဈေးဝယ်လမ်းညွှန် (Myanmar Book Centre)
- ၁၁း၀၀ မြန်မာ့ "အိုး"
- ၁၁း၀၅ အိမ်တွင်းစီးပွားမုန့်လုပ်နည်း ပညာများ(ရေခဲမုန့်ပြုလုပ်နည်း)
- ၁၁း၁၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁၁း၅၀ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
- ၁၁း၅၅ Shooting Location (သီရိဂုဏ်)
- ၁၂း၁၀ ဒီဂျစ်တယ်ကတ္တားအစ စီထွာက
- ၁၂း၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
- ၁၂း၅၅ Celebrity Profile (Justin Timberlake)
- ၁း၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ထွန်းထွန်းလင်းနှင့် တွေ့ဆုံခြင်း)
- ၁း၅၅ ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း(ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး
- ၂း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Hello)
- ၂း၄၀ ကြည်နူးစရာလက်ဆောင် အဖြာဖြာ (အရိန္ဒမာ STATIONARY & FANCY)
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
- ၄း၁၀ ဆိထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၄း၂၀ ကယ်တင်ကြစို့ တို့ကမ္ဘာ
- ၄း၃၀ လှမ်းခဲ့ပါဆွေ "မနောမြေ"
- ၄း၄၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Crawley Town - Dervy Country	STAR SPORTS (Live)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား မော်လမြိုင်ကျွန်းမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မော်လမြိုင်ကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးငွေမောင်က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်) အခြေခံဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ် (၄၅) သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သမဝါယမဘဏ်လီမိတက် အခြေခံဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်)၏ အခြေခံဘဏ်လုပ်ငန်း သင်တန်း အမှတ်စဉ် (၄၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် ကမ်းနားလမ်းနှင့် (၂၃)လမ်းထောင့်ရှိ သမဝါယမဘဏ်လီမိတက် ဘဏ်ရုံး ချုပ် သင်တန်းခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်က သမ ဝါယမဘဏ်လီမိတက် (CB Bank) အနေဖြင့် သက်တမ်း ၁၈ နှစ်ကျော်ရှိလာခဲ့ပြီး စုစုပေါင်းဘဏ်ခွဲ ၂၁ ခုကို အောင်မြင်စွာ ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ဘဏ်ခွဲများ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့သည်နှင့်အမျှ ဘဏ်လုပ်ငန်းများလည်း များစွာတိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဘဏ်၏ဖောက်သည် (Customers) များအား စိတ်ကျေနပ်မှုပေး နိုင်ရန် အထူးလိုအပ်ရာ ဘဏ်အနေဖြင့် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချ လျက်ရှိကြောင်း၊ ယခုသင်တန်းတွင်လည်း ဘဏ်ခွဲ ၁၃ ခုမှ ဝန်ထမ်းအသစ် ၄၀ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက် ရာတွင် ဘဏ်နှင့်ဆက်ဆံသူများအား စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်ရေးနှင့် CB Bank ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းဆောင်ပေးကြရန် ဖြစ်ကြောင်းဖြင့် ပြော ကြားသည်။

ထို့နောက် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အခြေခံဘဏ် လုပ်ငန်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ပန်းဘဲတန်း စာပေနှင့်စာနယ်ဇင်း ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပ ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အရည် အသွေး အဆင့်အတန်း သတ်မှတ်ရေး အဖွဲ့ (INTERNATIONAL QUALITY CONVENTION) က ဆေးဝါးထုတ် လုပ်ရာတွင် ဆေးအရည်အသွေး ထက် မြက်သည့်အတွက် (INTERNATIONAL STAR FOR QUALITY AWARD) ကမ္ဘာ့ရွှေကြယ်ပွင့်ဆုနှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခြင်းခံရသော ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး၊ စာရေးဆရာနှင့် မြန်မာတိုင်းရင်းဆေး သမားတော် ဝါးခယ်မစိုးမြင့်အောင် (တဆ-၃၃၁၂)အား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ထပ်ဆင့်ဂုဏ်ပြုပွဲကို ယနေ့နံနက်က ရွှေဘုံသာလမ်းရှိ ရန်ဒေး(ရ်) မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ သတင်းထောက် သန်းဆွေ(ပန်းဘဲတန်း)က မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် တစ်ယောက် အနေဖြင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့် အသိအမှတ်ပြု ဂုဏ်ပြုခံရ၍ ဝမ်းမြောက် ဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ ဆက်လက်၍ မြန်မာတိုင်းရင်းဆေးပညာဖြင့် ပြည်သူ များကို အလုပ်အကျွေးပြုနိုင်ရန် တိုက်တွန်းပါကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆရာဝါးခယ်မစိုးမြင့်အောင် အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာ၊ ဂုဏ်ပြုကလပ် ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၁၉)

ဘ၀သစ် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာ့စီးပွား စီမံ အမှုဆောင်အဖွဲ့ (Myanmar Business Executives Network-MBE) တို့ ပူးပေါင်းလျက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ရှိ ကဝက်ရေကန် ချောင်ကျေးရွာ၌ စာပေဟောပြောပွဲနှင့် ဘ၀သစ်စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပ သည်။

စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက် ည ၇ နာရီတွင် ကျင်းပရာ စာရေးဆရာ များ ဖြစ်ကြသည့် ကြည်စိုးထွန်း၊ ညွှန့်ဟံ (ကြူတော)၊ သူရဇော်နှင့် မြသန္တာ (နော်ရင်မွှေး)တို့က စာပေရေးရာများ ဟောပြောကြသည်။ ဘ၀သစ် စာကြည့် တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆောက် အအုံရှိ စာကြည့်တိုက်ခန်းမရှေ့၌ ကျင်းပပြီး တာဝန်ရှိသူများက စာကြည့် တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ စာပေဟောပြောပွဲကို ဇန်နဝါရီ ၅ ရက် ည ၇ နာရီတွင် ဒေးဒရဲမြို့နယ်ရှိ တိုးစံပြကျေးရွာ၌ ကျင်းပရာ စာရေးဆရာများဖြစ်ကြသည့် ကြည်စိုးထွန်း၊ ညွှန့်ဟံ (ကြူတော)၊ မောင်ညွှန့်လှိုင်နှင့် မြသန္တာ (နော်ရင်မွှေး) တို့က စာပေရေးရာများ ဟောပြောခဲ့ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ်ရှိ ကဝက်ရေကန် ချောင်ကျေးရွာ၌ ဘ၀သစ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ညောင်လေးပင်မြို့ စက်ရုံလမ်း ကတ္တရာခင်း ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေး စဉ်။ (သတင်းစဉ်)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး ကလေး၌ ရိတ်သိမ်း

ကလေး ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ရွာစီရွာသာကျေးရွာအုပ်စု ဆည်တောကျေးရွာ ကွင်းအမှတ်(၈၁၈) ဦးပိုင်အမှတ်(၂၅) တောင်သူ ဦးကံကျော်၏ ဆင်းသီဂီစပါးမျိုးစိုက်ပျိုးထားသော လယ်မြေ၌ ဒီဇင်ဘာ ၈ ရက်က မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းရာ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်း၊ ခရိုင်ဆည်မြောင်းဦးစီးဌာန (လက်ထောက် ညွှန်ကြားရေးမှူး) ဦးမြအေး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ညွှန့်၊ ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးတင်ဝင်း၊ ကလေးမြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းထင်နှင့် တောင်သူများတက်ရောက်ကြသည်။ အဆိုပါစံကွက်မှာ(သင့်)အဆင့်စံကွက်ဖြစ်ပြီး ဆင်းသီဂီစပါး ၂ ဒသမ ၃၅ ဧက စိုက်ပျိုးထားရာ ခြောက်သွေ့ပြီး အထွက်နှုန်း တစ်ဧကပျမ်းမျှ ၇၁ ဒသမ ၃၀ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ (၄၆၉)

ဥတုရာသီ တောကိုမှီ၏

အမြို့မြို့ အနယ်နယ်တွင် သာယာစည်ပင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင် အောင် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကွန်ကရစ်တံတား ဆောက်လုပ် ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လောင်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်ဆိုင်းဘုတ်ရှေ့ ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးထိုက်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စော်ဘွားအင်းလမ်း ကတ္တရာခင်းပြီးစီးမှုလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြစ်သားဈေး မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း ဆိုင်ခန်းသုံး မီးလိုင်းများ စစ်ဆေးခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်ရန် ရေစုဆောင်းထားမှုကို အမှုဆောင် အရာရှိ ဦးထွန်းအောင်ခင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သိကြားဘုရားရေကန် ရေပိုလွှဲ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာ အားကစား သတင်းများ

ဝင်းတင် (ကြေးမုံ)

၂၀၁၁ နှစ်ဦး တင်းနစ်ပြိုင်ပွဲများ ရော်ဂျာဖက်ဒရားနှင့် ပက်ထရာကေဗီတိုဗာတို့ ဗိုလ်စွဲ

ကာတာ ဇန်နဝါရီ ၉

၂၀၁၁ နှစ်ဦး တင်းနစ်ပြိုင်ပွဲများဖြစ်သည့် Qatar Exxon Mobil အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရော်ဂျာဖက်ဒရားနှင့် Brisbane International တင်းနစ်ပြိုင်ပွဲတွင် ပက်ထရာကေဗီတိုဗာတို့ အနိုင်ရဗိုလ်စွဲသွားသည်။

ကာတာအိုးပင်း

၂၀၁၁ ခုနှစ် ရာသီအကြို ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၂) ရော်ဂျာဖက်ဒရားနှင့် နီကိုလေးဒေဗီဒင်ကိုတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရော်ဂျာဖက်ဒရားက ၆-၃၊ ၆-၄ ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အသက် (၂၉)နှစ်ရှိ ရော်ဂျာဖက်ဒရားနှင့် ဒေဗီဒင်ကိုတို့သည် ယမန်နှစ်ပြိုင်ပွဲဆီမီးဖိုင်နယ်တွင် ဆုံတွေ့ခဲ့ဖူးသည်။ ၎င်းတို့နှစ်ဦး တွေ့ဆုံမှုမှာ ၁၇ ကြိမ်ရှိခဲ့ရာ ရော်ဂျာဖက်ဒရားက ၁၅ ကြိမ် အနိုင်ရခဲ့သည်။ ရော်ဂျာဖက်ဒရားသည် လာမည့် ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ဂရင်းစလင်း ပြိုင်ပွဲတစ်ခုဖြစ်သည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိရာ ယခုပြိုင်ပွဲ၏ အနိုင်ရလဒ်သည် ၎င်းအတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့သည်။

ဆုတံဆိပ်နှင့် ပက်ထရာကေဗီတိုဗာ။

ပက်ထရာကေဗီတိုဗာဗိုလ်စွဲ

WTA Tour ပြိုင်ပွဲတစ်ခုဖြစ်သည့် Brisbane International အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပက်ထရာကေဗီတိုဗာက အင်ဒရီရာပက်ကိုဗစ်ကို ၆-၁၊ ၆-၃ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ကမ္ဘာ့အဆင့်(၃၄) နေရာတွင် ရှိနေသည့် ပက်ထရာကေဗီတိုဗာသည် ဝင်ဘယ်ဒန် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အထိ တက်ရောက်ခဲ့ဖူးသည်။ ယခုပြိုင်ပွဲအပြီးတွင် ပက်ထရာကေဗီတိုဗာက ယခုပွဲစဉ်တွင် အနိုင်ရရှိရေးအတွက် အထူးအလေးထားကစားခဲ့ကြောင်း၊ နိုင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ဆုတံဆိပ်ကို ကိုင်မြှောက်နိုင်ခဲ့ရခြင်း ဖြစ်ကြောင်း ပြောကြားသွားသည်။

အင်တာနက်။



ကာတာ အိုးပင်း ချန်ပီယံ ရော်ဂျာဖက်ဒရား။

အက်ဖ်အေဖလားပွဲစဉ်ရလဒ်များ

မန်ယူ	၁ - ၀	လီဗာပူး
စပါး	၃ - ၀	ချာလ်တန်
ချယ်လ်ဆီး	၇ - ၀	အစ်ဝှက်ချ်
စတီဗင်အေ့ချ်	၃ - ၁	နယူးကာဆယ်
လစ္စတာစီးတီး	၂ - ၂	မန်စီးတီး

လီဗာပူးအသင်း ဟော့ဂ်ဆန်နှင့်လမ်းခွဲပြီး ဒါးဂလစ်ရှ်ကို ယာယီနည်းပြခန့်

ထုတ်ပယ်ခံရသော လီဗာပူးနည်းပြ ဟော့ဂ်ဆန်နေရာကို အစားဝင်ရန် အိုဝင်ကွိုင်လီ ရေပန်းစားနေ

လီဗာပူး ဇန်နဝါရီ ၉

The Mirror သတင်းစာ၏ အဆိုအရ လီဗာပူးပိုင်ရှင်များသည် ထုတ်ပယ်လိုက်ပြီဖြစ်သော ရွိုင်းဟော့ဂ်ဆန်နေရာကို ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီနှင့် အစားထိုးဖွယ်ရှိသည်ဟု ဆိုသည်။

လီဗာပူးအသင်းသည် ရွိုင်းဟော့ဂ်ဆန်နှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြသည်ဟုဆိုသော်လည်း လိဂ်မန်နေဂျာအသင်း (LMA)ကမူ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ယခုအခါ လီဗာပူးအသင်းသည် အသင်း၏ နောက်ဆုံး အင်္ဂလန်လိဂ်ဖလားကို ၁၉၈၉-၉၀ ရာသီတွင် ရယူပေးထားသူ ကင်နီဒါး ဂလစ်ရှ်အား လက်ကျန်ရာသီဝက်အတွက် တာဝန်ပေးထားသည်။

လီဗာပူးနှင့် အင်္ဂလန်လိဂ်ဖလား သုံးလုံး၊ ဘလက်ဘန်းအသင်းနှင့်တစ်လုံး စုစုပေါင်း အင်္ဂလန်လိဂ်ဖလား လေးလုံးရယူထားနိုင်သူ ဒါးဂလစ်ရှ်သည် အဓိက ပြိုင်ဘက် မန်ယူနှင့် ကစားရသည့် FA ဖလားပွဲတွင် လီဗာပူးကို စတင်ကိုင်တွယ်ခဲ့သည်။

ပြီးခဲ့သည့်အပတ်က ဘော်လ်တန်အသင်းသည် အန်ဖီးကွင်းတွင် လီဗာပူးကို ရှုံးနိမ့်ခဲ့သော်လည်း အသင်းကို ဇယားတစ်ဝက်တွင် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးထားနိုင်သောကြောင့် ကွိုင်လီအား လီဗာပူးမှ စိတ်ဝင်စားနေခြင်း ဖြစ်သည်။

ဤအခိုက်အတန့်တွင် အခြားသော ရေပန်းစားသူများဖြစ်သည့် ဒီဒီယာဒက်စ်ချမ့်နှင့် ဖရန့်ရီကတ်တို့မှာ လီဗာပူးနည်းပြရာထူးကို လက်ခံဖွယ်မရှိသဖြင့် ကွိုင်လီ ရေပန်းစားလာခြင်းဖြစ်သည်။

အင်တာနက်။

လီဗာပူးနည်းပြနေရာအတွက် ရေပန်းစားနေသည့် အိုဝင်ကွိုင်လီနှင့် ထုတ်ပယ်လိုက်ပြီဖြစ်သော ရွိုင်းဟော့ဂ်ဆန်။

စိုးတင့်နိုင်

မန်ယူတိုက်စစ်မှူး မာချီဒါ ဆမ်ဒိုးရီးယားသို့ အငှားပြောင်းရွှေ့

မန်ချက်စတာ ဇန်နဝါရီ ၉

ဆမ်ဒိုးရီးယားအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်က မန်ယူလူငယ်တိုက်စစ်မှူး ဖက်ဒရယ်စီမာချီဒါကို အငှားခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အင်တာနက်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ တပ်ကုန်းမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ ဦးစီးကျင်းပသော ၂၀၁၁ ခုနှစ် ရပ်ကွက်/ကျေးရွာ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် တပ်ကုန်းမြို့နယ် အားကစားဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းသားများ၊ တပ်ကုန်းမြို့နယ်မှ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲဝင်ဘောလုံးအသင်းများမှ အားကစားသမားများ ကွင်းအတွင်း သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းများအား နှုတ်ဆက်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကိုရွတ်ဆိုကြပြီး ပထမပွဲစဉ်အဖြစ် ဆရာစံရပ်ကွက် ဘောလုံးအသင်းနှင့် ဗိုလ်မင်းရောင်ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားသည်။

ရှစ်သင်းပါဝင်

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



တပ်ကုန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ အဖွင့်အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပူတာအိုမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နမ့်စန်မြို့တွင် သုည ဒသမ ၃၉လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၃၅ လက်မ၊ တောင်ကြီးမြို့ တွင် သုည ဒသမ ၃၂ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် သုည ဒသမ ၁၆လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၁၀ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဟသ်ာတမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ဟသ်ာတ ဇန်နဝါရီ ၉

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဟသ်ာတမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးမှူး ပျဉ်းမနားဦးမြင့်လှိုင်က မြန်မာနိုင်ငံဂီတအစည်းအရုံး လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်ဂီတအစည်းအရုံး ကော်မတီ ခန့်အပ်လွှာကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင် အမှုဆောင် ဦးမျိုးမြင့်လေးက ဖွဲ့စည်းတာဝန်ပေးအပ်ပြီး **(အောက်ပုံ)** မြို့နယ်ဂီတအစည်းအရုံး ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

အားကစား မြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပင်လယ်ရေ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် စုဝေးမှု ကမ္ဘာ့ရေလုပ်ငန်းကို ထိခိုက်စေနိုင်ကြောင်း သတိပေး

စင်ကာပူ ဇန်နဝါရီ ၉

လွန်ခဲ့သည့် ရာစုနှစ်နှစ်စုက စက်မှုတော်လှန်ရေးစတင်ခဲ့ချိန်နောက်ပိုင်း ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်တန်ချိန် ဘီလီယံ ၅၀၀ ခန့်အထိ စုပ်ယူခဲ့ကြောင်း၊ အကျိုးရလဒ်အဖြစ် ရေထုအရည်အသွေးကျဆင်းကာ ကမ္ဘာ့ရေလုပ်ငန်းကို ထိခိုက်လာစေကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်၏ နောက်ဆုံးလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများက စုပ်ယူထားသော ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏမှာ ကမ္ဘာ့လေထုလွှာအတွင်းသို့ ရောက်ရှိသွားသော ကာဗွန်ဓာတ်ငွေ့ပမာဏ၏ လေးပုံတစ်ပုံခန့် ရှိကြောင်း၊ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လောင်ကျွမ်းမှုများကြောင့်လည်းကောင်း၊ သစ်တောနယ်မြေများ၏နေရာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဝင်ရောက်လာခြင်းကြောင့်လည်းကောင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ စုဝေးရောက်ရှိလာကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာ ရေထုအတွင်း အခြေခံ ဓာတုဗေဒဖွဲ့စည်းမှုပုံသဏ္ဌာန် ပြောင်းလဲလာသည်ကို လေ့လာတွေ့ရှိကြရသည်။

ကမ္ဘာ့ပြည်သူ သန်း ၁၀၀၀ ခန့်သည် ပရိုတိန်းအာဟာရဓာတ် ရရှိရေးအတွက် ရေသတ္တဝါများအပေါ် မှီခိုစားသုံးကြသည်။ ကမ္ဘာ့ပြည်သူ သန်း ၃၀၀၀ ခန့်သည် ပရိုတိန်းလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းထက်မနည်း ရရှိစေရန် ပင်လယ်စာ စားသုံးကြသည်။

ဂျပန်လူမျိုးတို့၏ ရိုးရာအစားအစာ၌ ငါးသည် အဓိကကျသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်သည် ပင်လယ်ဆားငန်ရည် အတွင်းသို့ ဝင်ရောက်ချိန်၌ ပင်လယ်သမုဒ္ဒရာ

စာမျက်နှာ ၅ ကော်လံ ၁ သို့

တန်ဇန်းနီးယားနိုင်ငံ အရှေ့မြောက်ဘက် ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ရှိ ဇမ်ဇီဘာကျွန်း အနီး၌ ပင်လယ်ငါးဖမ်းဆီးနေသော ကမ္ဘာလှည့် ခရီးသည်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဘာသာပြန် - စံစံ

ထူးခြားသည့် ညအပူချိန်များ
(၉-၁-၂၀၁၁)

ပူတာအို	၃	ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၄	ဒီဂရီစင်တီဂရိတ်
ဟားခါး	၅	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

နမ့်စန်	သုည	ဒသမ	၃၉	လက်မ
ကိုကိုးကျွန်း	သုည	ဒသမ	၃၅	လက်မ
တောင်ကြီး	သုည	ဒသမ	၃၂	လက်မ
ရန်ကုန်(ကမ္ဘာအေး)	သုည	ဒသမ	၁၆	လက်မ

စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်ထုမြို့နယ်၌ဖွင့်

ကျောက်ထု ဇန်နဝါရီ ၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် ငါလွန်းကျေးရွာ၌ ယောဖိုးလှိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ကျောက်ထုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့် ကျောက်ထုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမနားယောနှင့် ငါလွန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၂၄ပေ၊ အနံ ၂၁ပေ အုတ်ညှပ်သွပ်မိုး သမံတလင်းခင်း တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်၏ပံ့ပိုးငွေကျပ် ၁၀ သိန်း၊ လူထုထည့်ဝင်ငွေ ၁၁၁၄၃၅၅ ကျပ် စုစုပေါင်း ၂၁၁၄၃၅၅ ကျပ် ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)